# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 22 August 2024 ၁၁၅၅၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Ms. Ma Jia သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးအနေဖြင့် ရှည်လျားသည့်သမိုင်းကြောင်းများရှိမှုနှင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်ရေသန့်အာစွမ်း"




STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ကြေးမုံ

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး တီထွင်ကြံဆကြိုးပမ်းထုတ်လုပ်

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံများအနေဖြင့် နိုင်ငံဖွံ့ဖြိုးရေး၊ စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို အစဉ်အမြဲတီထွင်ကြံဆ ကြိုးပမ်းအားထုတ်ခဲ့ကြသဖြင့် တိုးတက်သောနိုင်ငံအဖြစ် တက်လှမ်းလာနိုင်ခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်မှုများကို လက်ရှိအနေအထားဖြင့် ကျေနပ်ရောင့်ရဲရပ်တန့်မနေဘဲ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်လုပ်ကိုင်နေကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထိုသို့လုပ်ကိုင်ကြရာတွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်စွမ်းအားနှင့် သွင်းအားစုအခြေအနေအမျိုးမျိုးအပေါ်တွင်မူတည်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို သမားရိုးကျလုပ်ကိုင်ဆောင်ရွက်ကြရာတွင် တိုးတက်မှုအခြေအနေကို ပြန်လည်လေ့လာဆန်းစစ်ကြည့်ဖို့လိုမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။ ဒေသအလိုက်၊ စိုက်ပျိုးသီးနှံအမျိုးအစားအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည်တို့ကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေသလို စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရပ်များ တိုးပွားလာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးပညာရှင်များ၊ ကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သဖြင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ကြသော ပြည်သူများ ပိုမိုကျယ်ပြန့်စွာကြိုးပမ်းလုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နေသလို ကုန်ထုတ်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ဆက်စပ်၍ သီးနှံအကြွင်းအကျန်ဘေးထွက်ပစ္စည်းများကို ပြန်လည်အသုံးချ၍ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများအခန်းကဏ္ဍကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးသာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုးသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၌ နှစ်စဉ် နွေစပါး၊ မိုးစပါး စုစုပေါင်းဧက ၁၇ သန်းခန့် စိုက်ပျိုးလျက်ရှိသည်။ စပါးစိုက်ပျိုးခြင်းမှ ပြည်တွင်းစားရေရိက္ခာ လောက်ငဖူလုံမှုရှိသည့်အပြင် အပိုအလျှံကို ပြည်ပသို့လည်းတင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေရရှိလျက်ရှိသည်။ ဆန်စပါးကို တန်ဖိုးရှိစွာ ထုတ်လုပ်လျက်ရှိသော်လည်း စပါးစိုက်ခင်းများကို ရိတ်သိမ်းပြီးနောက် ဘေးထွက်ပစ္စည်းအကြွင်းအကျန်များဖြစ်သည့် ကောက်ရိုးနှင့်ရိုးပြတ်များ၊ သီးနှံအကြွင်းအကျန်များကို တန်ဖိုးမဲ့ပစ္စည်းအဖြစ်သဘောထားပြီး ပြန်လည်အသုံးချရန် မစဉ်းစားမိဘဲ စွန့်ပစ်ဖျက်ဆီးလေ့ရှိကြသည်။

ဘေးထွက်ပစ္စည်း ကောက်ရိုးနှင့် ရိုးပြတ်များ၊ သီးနှံအကြွင်းအကျန်များကို မီးရှို့ဖျက်ဆီး ရှင်းလင်းလေ့ရှိသဖြင့် ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကြောင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေခြင်းနှင့် ကမ္ဘာကြီးကို ပူနွေးစေခြင်း၊ မြေကြီးအတွင်းရှိ အကျိုးပြုအဏုဇီဝပိုးများ သေဆုံးနိုင်ခြင်း၊ မြေဆီလွှာ၏ဂုဏ်သတ္တိများကျဆင်းသွားခြင်း၊ မြေဆီလွှာရှိ နိုက်ထရိုဂျင်နှင့် ဆာလဖာဓာတ်များ အငွေ့ပြန်ဆုံးရှုံးသွားခြင်း စသည့်ဆိုးကျိုးများကို ဖြစ်စေပါသည်။ အဆိုပါထိခိုက်မှုများကို လျှော့ချနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မူဝါဒချမှတ်ပြီး သီးနှံအကြွင်းအကျန်များကို အသုံးချ၍ တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ တိရစ္ဆာန်အစားအစာပြုလုပ်ရေး၊ မြေဆွေးပြုလုပ်သုံးစွဲရေး၊ ကောက်ရိုးစီမံခန့်ခွဲမှုအလေ့အကျင့်များမြှင့်တင်ရေးအပြင် ကောက်ရိုးမှ မှို၊ စက္ကူပြုလုပ်ရေးကို အသိပညာပေးသင်တန်းများ ပေးလျက်ရှိသည်။

စပါးစိုက်ပျိုးရေးမှ ဘေးထွက်ပစ္စည်း အမြောက်အမြားထွက်ရှိသည့် ကောက်ရိုးကို ထိရောက်စွာ ပြန်လည်အသုံးချနိုင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံ့စီးပွား၊ လူမှုစီးပွားမြှင့်တင်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည်။ ယခုအခါ အထွက်နှုန်းကောင်းမွန်သည့်မှိုမျိုးများ မွေးမြူထုတ်လုပ်ရေးဆိုင်ရာ သုတေသနပြုလုပ်ခြင်းနှင့် နည်းပညာပြန့်ပွားခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည်။ မှိုစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းသည် စိုက်ပျိုးရေးဘေးထွက်ပစ္စည်း သီးနှံအကြွင်းအကျန်များကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ အကျိုးရှိအောင် အသုံးချနိုင်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ အမြောက်အမြားထွက်ရှိနေသည့် ရိတ်သိမ်းပြီးကောက်ရိုးနှင့် ရိုးပြတ်များ၊ သီးနှံအကြွင်းအကျန်များကို အလဟဿမီးရှို့ဖျက်ဆီးခြင်းမပြုလုပ်ဘဲ လောင်စာတောင့်၊ သဘာဝဓာတ်ငွေ့၊ စက္ကူ၊ မှိုစသည်ဖြင့် ပြန်လည်အသုံးချနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ၊ နိုင်ငံတော်နှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ ကြီးစွာအထောက်အကူပြုနိုင်အောင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် တီထွင်ကြံဆကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

# မိုင်းပန်မြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ မြို့နယ်အဆင့် ဖွင့်ပွဲကျင်းပ

မိုင်းပန် ဩဂုတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အစာအာဟာရဖွံ့ဖြိုးရေးအတွက် ၂၀၂၄ ခုနှစ်တွင် မိခင်နို့တိုက်ကျွေးဖို့ အားလုံးကူညီပံ့ပိုးစို့ ခေါင်းစဉ်ဖြင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် မြို့နယ်အဆင့်ဖွင့်ပွဲအခမ်းအနားကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



**အမှာစကားပြောကြား**

အခမ်းအနားတွင် မိုင်းပန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်မြတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာနိုင်လင်းထွန်းက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ မိခင်နှင့်ကလေး ကျောင်းကျန်းမာရေးအာဟာရ ဆရာမ ဒေါ်နန်းခမ်းမွမ်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် မရှိမဖြစ်လိုအပ်သော အိုင်အိုဒင်းဓာတ်နှင့် အစာအုပ်စု(၃)အုပ်စု မျှမျှတတ စားသုံးနိုင်စေရေးကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခမ်းအနားသို့ တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား အာဟာရဖြစ်စေသည့်အစားအစာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **နော်မှိုင်း(ပြန်/ဆက်)**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ပုံပြောပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

လှိုင်သာယာ ဩဂုတ် ၂၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၁၁)ရပ်ကွက် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်သူဝင်း(ခ)ဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်သိန်းက ကျေးဇူးတင်စကားပြောကြားကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိ ဦးမြင့်ဇော်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါဟောပြောပွဲတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးငွေအောင်ဇော်က အနာဂတ်လူငယ်တို့စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ဒေါ်နှင်းဇာခြည်မြင့်(ရွှေကျွန်းမြေ)က လူငယ်နှင့် လူငယ်ဘဝခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ဟောပြောပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် စာရေးဆရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်တက်ရောက်ကြပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၃၈၀ | ၃,၃၈၈,၂၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၁,၀၉၅ | ၃,၈၃၇,၅၅၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၃၂ | ၂၃၇,၆၀၀ |
| TMH | ၂,၈၅၀ | ၂,၈၀၀ | ၅၇၈ | ၁,၆၂၃,၄၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၂၃၀ | ၂,၁၀၂,၅၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၂,၄၇၁ | ၈,၀၂၇,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

✪ ရှေ့ဖုံးမှ

အတူတကွတည်ဆောက်ထားသည့် နိုင်ငံများဖြစ်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများအောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ရပ်တည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံ ရပ်တည်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သောအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (CPU) အဖွဲ့၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များညှိနှိုင်း

**နေပြည်တော် ဩဂုတ် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(CPU)အဖွဲ့၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စီမံဆောင်ရွက်ပေးရန်လိုအပ်**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(CPU)အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အဂတိလိုက်စားမှုလျော့နည်းပပျောက်စေရန်အတွက် ဌာနအလိုက် ဝန်ထမ်းများ သက်သာချောင်ချိရေး၊ ရုံးပတ်ဝန်းကျင်နှင့် ရုံးခန်းများ သန့်ရှင်းသပ်ရပ်ပြီး ရုံးသုံးပစ္စည်းများ ပြည့်စုံကောင်းမွန်စေရေး၊ နိုင်ငံ့ဝန်ထမ်း စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်သော ဝန်ထမ်းများကို ရာထူးနေရာ လစ်လပ်မှုအပေါ်မူတည်၍ ရသင့်ရထိုက်သည့် အချိန်အခါများတွင် စီမံဆောင်ရွက်ပေးခြင်းတို့ဖြင့် ဝန်ထမ်းများလုပ်ငန်းခွင်၌ ပျော်ရွှင်စွာဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

အဂတိလိုက်စားမှုနှင့် အခြားသောဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ငြိစွန်းထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် အထက်အောက် ဆင့်ကဲဆင့်ကဲ အသိပညာများပေးခြင်း၊ ဝန်ထမ်းအချင်းချင်း အသိပေးထိန်းသိမ်းခြင်းဖြင့် မိမိတို့တစ်ဦးချင်းနှင့် ဌာန၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ဦးစီးဌာနများ၊ တက္ကသိုလ်များမှ အဂတိလိုက်စားမှု ဆန့်ကျင်ရေးအဖွဲ့ခေါင်းဆောင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (CPU)အဖွဲ့၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း ဆိုင်ရာများကို ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။




ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပစဉ်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အမျိုးသားအဆင့် မဟာဗျူဟာ နယ်ပယ်(၅)ရပ်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးငါးဦး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ကိုးဦး၊ အထူးဖိတ်ကြားထားသူ နှစ်ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြသည်။

**အတည်ပြုသွားမည်**

အစည်းအဝေးတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၉-၂၀၂၃)သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် မဟာဗျူဟာ အကောင်အထည်ဖော်မှုကာလ ပြီးမြောက်ခဲ့ပြီးဖြစ်၍ ဒုတိယဝန်ကြီး ဦးဆောင်သည့် အမျိုးသားအဆင့် မဟာဗျူဟာ ပြန်လည်သုံးသပ်ရေးကော်မတီအား ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး မဟာဗျူဟာအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈) မူကြမ်းရေးဆွဲခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ မူကြမ်းအား ယခုအစည်းအဝေးတွင် အတည်ပြုသွားမည် ဖြစ်ပါကြောင်း၊ မူကြမ်းအတည်ပြုပြီးပါက မဟာဗျူဟာပါရှိသည့်မှန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု အားကောင်းကောင်းဖြင့် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် FATF က မြန်မာနိုင်ငံကို ဆိုးရွားနိုင်ခြေမြင့်မားပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းသို့ ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း၊ FATF ၏ မြန်မာနိုင်ငံအပေါ် လိုက်နာမှုအားနည်းချက်ရှစ်ချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့အနေဖြင့်လည်း တစိုက်မတ်မတ် အားစိုက်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန် ၂၈ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေး၏ ထုတ်ပြန်ချက်အရ အလေးထားစိစစ်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းမှ ပြောင်းလဲပေးခြင်း မရှိကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း တိုးတက်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခြင်းမရှိပါက FATF မှ တိုးမြှင့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် စဉ်းစားသွားမည်ဟု ဖော်ပြခဲ့ကြောင်း။

ထို့ကြောင့် တိုးတက်ဆောင်ရွက်မှုများ ပြသနိုင်ရန် FATF ၏ Action Plan တွင် ပါရှိသည့် အချက်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ရန်နှင့် သက်သေခံပစ္စည်း စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေအား အသစ်ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမတိုင်ခင် တိုးတက်မှုပြသနိုင်ရန် Action Plan တွင် ပါရှိသည့် အချက်များအား သက်ဆိုင်ရာဌာနများအလိုက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အဖွဲ့ဝင်များ၊ အမျိုးသားအဆင့် မဟာဗျူဟာ နယ်ပယ်(၅)ရပ်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများက မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) (မူကြမ်း)အား အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၀) သင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၂၁**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရတနာသိင်္ခခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုကြပြီး ဆက်လက်၍ပါမောက္ခချုပ်ဦးကျော်ထွေးအား အလေးပြုကြသည်။

**ချီးမြှင့်ပေးအပ်**

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်-၁၄၃ ဦးစိုးခိုင် ကထိက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်-၂၇ ဒေါက်တာ ထိပ်တင်ချိုညွန့် လက်ထောက်ကထိက နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနတို့ကို ပေးအပ်ပြီး သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ပေးအပ်၍ သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၉၁ ဦး၊ သင်တန်းသူ ၉၅ ဦး စုစုပေါင်း ၁၈၆ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ မေ ၂၇ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**နေပြည်တော် ဩဂုတ် ၂၁**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

**ကာယကံရှင်အားပေးအပ်**

ထို့နောက် ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသော "ကိုဇော်နိုင်ဦး လူသုံးကုန်ဖြန့်ချိရေးလုပ်ငန်း" မှ ဝန်ထမ်းတစ်ဦးဖြစ်သည့် အာမခံအလုပ်သမား ဦးနေဇော်ထက်သည် အလုပ်ချိန်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့မှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၅၅ ရာခိုင်နှုန်းဖြစ်သော အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်းငွေကျပ် ၄၆၅၆၉၆၀ ကို ကာယကံရှင်အားပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနၓ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့် အလုပ်အဖွဲ့ ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့က ဆွေးနွေးလိုသည့်အချက်များကို အဆိုပြုတင်ပြကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ညှိနှိုင်းရေးကော်မတီဘက်မှ ဆွေးနွေးလိုသည့်အချက်များအား အဆိုပြုဆွေးနွေးသည်။ ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့်အချက်များနှင့်ပတ်သက်၍ ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် အချက်များနှင့် နှစ်ဖက်အဆိုပြုချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်ဒေါက်တာထိန်လင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်တိုးရီ၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF)က ထုတ်ပြန်သည့် မြန်မာနိုင်ငံက ဆောင်ရွက်ရမည့် အချက်တစ်ချက်ဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာအရေးယူမှုနှင့် စပ်လျဉ်းသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ရေးဆွဲခဲ့ကြောင်း၊ ဤပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းနိုင်ပါက ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF)၏ ထုတ်ပြန်ချက်တစ်ချက်ကို ဆောင်ရွက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်မှုကို ပြသနိုင်ခြင်းဖြင့် Counter Measure စာရင်းသို့ ထည့်သွင်းမည့်အပေါ် ကျော်လွှားနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သောအဖွဲ့က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)သည် နိုင်ငံတော်အတွက်ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီနှင့် ခရိုင်/မြို့နယ် အဆင့်ကော်မတီများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီနှင့် ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်ရေး ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

**အဖွင့်အမှာစကား ပြောကြား**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမောင်မောင်သန်းက အစည်းအဝေး ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းက လုပ်ငန်းကဏ္ဍများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေမှု အခြေအနေများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် တက်ရောက်လာကြသူများက လုပ်ငန်းကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်လုပ်ကိုင်နေမှုများကို ရှင်းလင်းတင်ပြကြသည်။



**မှာကြား**

ယင်းနောက် တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို မြို့နယ် ၄၅ မြို့နယ်တွင် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များနှင့် ကောက်ယူခဲ့ပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး မရှိသူများကို ပန်းခင်းစီမံချက် အဆင့်(၂)၊ အဆင့်(၃)တို့ဖြင့် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကွင်းဆင်းစာရင်းကောက်ယူခြင်း လုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်မူဝါဒများချမှတ်ရန် အရေးကြီးသော လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသော လုပ်ငန်းဖြစ်၍ အစီရင်ခံစာပြုစုတင်ပြနိုင်ရေး၊ စာရင်းဇယားများ စနစ်တကျပြုစုထားရှိရန်၊ ပြုစုထားသော အထောက်အထားမှတ်တမ်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းထားရှိရန်နှင့် အကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပျက်စီးဆုံးရှုံးမှုရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြရန် မှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လူငယ်များအတွက် ရွှေရောင်အနာဂတ်များ

လင်းလက်နေခြည်



ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော နံရံကပ်စာစောင်များ သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။ ဓာတ်ပုံ – ရွှေပြည်သာမြို့နယ်(ပြန်/ဆက်)

### အကျိုးရှိစွာ သုံးကြစို့

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲကာ အကျိုးရှိရှိအသုံးချနိုင်ရေးက ပဓာနကျလှသည်။ သဘာဝသယံဇာတအရင်းအမြစ်များသည် ကုန်ခန်းတတ်သည့်သဘောရှိသည်။ ပထဝီအနေအထားအရ သဘာဝသယံဇာတအရင်းအမြစ်ဆိုသည်မှာ နိုင်ငံတိုင်းအတွက် လိုအပ်သလို ခွဲဝေချထားပေးနိုင်သည့် အရာမဟုတ်ပေ။ ကံတရားအရ သဘာဝကပေးထားသည့် အချိန်တန်သည့်အခါ ကုန်ခန်းနိုင်သော လက်ဆောင်များပင်ဖြစ်သည်။ သယံဇာတပေါကြွယ်ဝသည့် နိုင်ငံများသည်ပင် လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျ အသုံးပြုနိုင်ခြင်းမရှိသည့်အခါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျရတတ်သည်။ သဘာဝသယံဇာတမရှိသော်လည်း နိုင်ငံတွင်းရှိ လူသားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲကာ အသုံးချနိုင်သည့်နိုင်ငံများက ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို ရောက်ရှိနိုင်ကြသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် လူသားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲ၍ ထိရောက်အကျိုးရှိစွာအသုံးချနိုင်မည့် အစီအမံများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်နိုင်ငံများက ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြန်ကြသည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံသားများကို ငယ်စဉ်ကတည်းက နိုင်ငံ့သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် သယ်ပိုးထမ်းရွက်သူများဖြစ်စေရေး လေ့ကျင့်ပေးရမည်ဖြစ်သည်။ ပြည်သူ့နီတိ၊ လောကနီတိနှင့် လူမှုကျင့်ဝတ် စံနှုန်းများကို စနစ်တကျ လေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် စွမ်းအားစုများ ဖြစ်လာမည်ဖြစ်သည်။

### အနာဂတ်၏ ရွှေလက်ပိုင်ရှင်များ

“ယနေ့လူငယ် နောင်ဝယ်လူကြီး”ဆိုသည့် စကားနှင့်အညီ လူငယ်များသည် အနာဂတ်ကာလတွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့်သူများပင်ဖြစ်သည်။ ငယ်စဉ်ကတည်းက “ရိုးသားမှုရှိခြင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိခြင်း၊ မျှတမှုရှိခြင်း၊ အများအကျိုး သယ်ပိုးဆောင်ရွက်လိုမှုရှိခြင်း၊ ဘက်လိုက်ခြင်းကင်းသည့်စိတ်ရှိခြင်း၊ လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဂတိလိုက်စားသည့် အပြုအမူများကို ရှောင်ကြဉ်ခြင်း” စသည့် စံနှုန်းများကို လက်ကိုင်ထားသူများဖြစ်စေရေး ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ “လောဘ၊ ဒေါသ၊ မာန်မာန” စသည့်မကောင်းသည့် စိတ်ထားများမရှိစေရေး အလေးထားဆောင်ရွက်ပေးရမည်ဖြစ်သည်။

လူ့ဘဝခရီးတစ်လျှောက်လုံးတွင် အေးချမ်းတည်ငြိမ်စွာဖြင့် ကိုယ်ကျိုးမဖက်သည့် စိတ်ဓာတ်များဖြင့် လျှောက်လှမ်းနိုင်ရေးတွင် ပညာသည် အဓိကပင်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ပညာကို တန်ဖိုးထားသူများဖြစ်လာစေရေးအတွက် လူတိုင်းလက်လှမ်းမီနိုင်သည့် ပညာရေးစနစ်များကို ဖန်တီးပေးခြင်းဖြင့် ပညာတတ်လူငယ်များကို မွေးထုတ်ပေးရမည်ဖြစ်သည်။ ထို့အပြင် လူငယ်များအတွက် သင့်တင့်မျှတသည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့်လည်း လူငယ်များကို နိုင်ငံတော်၏ သွင်းအားစုများဖြစ်လာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ပညာရေးကို ဆုံးခန်းတိုင်အောင် လေ့လာသင်ယူနိုင်ရန်အတွက် အခက်အခဲရှိသည့် လူငယ်များအတွက်လည်း သက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးနိုင်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။

> ❛ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် လူသားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲ၍ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်မည့် အစီအမံများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်နိုင်ငံများက ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြန်ကြသည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံသားများကို ငယ်စဉ်ကတည်းက နိုင်ငံ့သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် သယ်ပိုးထမ်းရွက်သူများဖြစ်စေရေး လေ့ကျင့်ပေးရမည်ဖြစ်သည်။ ပြည်သူ့နီတိ၊ လောကနီတိနှင့် လူမှုကျင့်ဝတ်စံနှုန်းများကို စနစ်တကျ လေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် စွမ်းအားစုများဖြစ်လာမည် ❜

### ဗလငါးတန်ဖွံ့ဖြိုးဖို့

United Nations Conference on Trade and Development က ထုတ်ပြန်ထားသည့် စာရင်းအချက်အလက်အရ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာပေါ်၌ လူဦးရေ ၇ ဒသမ ၅ ဘီလီယံခန့်ရှိသည့်အနက် အသက် ၁၀ နှစ်မှ ၂၄ နှစ်အကြား လူငယ် ၄၂ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင်ကောက်ယူခဲ့သည့်ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရှေ့ပြေးရလဒ်ထုတ်ပြန်ထားမှုအရ လူဦးရေ ၅၁ ဒသမ ၁၄ သန်းခန့်ရှိသည့်အနက် အသက် ၁၀ နှစ်မှ ၂၄ နှစ်အကြား လူငယ် ၂၆ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရသည်။ ထိုလူငယ်များ၏ စွမ်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်၊ လူမှုရေးဦးတည်ချက် (၃) ရပ်တွင် “နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး” ဆိုသည့် ဦးတည်ချက်ကို ချမှတ်ထားပြီးဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အခန်း (၁) နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ (၃၃) တွင် “နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်”ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည်။

### လူငယ်ရေးရာဦးစီးဌာန

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) အရ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လူငယ်ရေးရာဦးစီးဌာနကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ လက်အောက်တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ လူငယ်ရေးရာဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတကာအသိုက်အဝန်းတွင် မြန်မာလူငယ်များ၏ အဆင့်အတန်းမြင့်မားစေရေးအတွက် ဖော်ဆောင်ပေးရေး၊

( ခ ) လူငယ်များ နိုင်ငံ့သားကောင်းပီသစွာ နေထိုင်ပြီး လေးစားစွာ လိုက်နာဆောင်ရွက်ရေး၊

( ဂ ) လူငယ်တို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊

(ဃ) အားကစားကဏ္ဍတွင် မသန်စွမ်းအားကစားသမားများ အပါအဝင် လူငယ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး၊

( င ) မသန်စွမ်းလူငယ်များ၏ အခွင့်အရေးကာကွယ်ရေးနှင့် မသန်စွမ်းလူငယ်များ ဘဝမြှင့်တင်ပေးရေး၊

( စ ) လူငယ်များ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးတို့ဖြစ်သည်။

### ပညာသည်သာ အခရာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့စွမ်းအားဖြစ်သည့် မျိုးဆက်သစ်လူငယ်များကို အသိပညာ၊ အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ တိုးပွားစေပြီး အမှန်အမှား၊ အကောင်းအဆိုးတို့ကို ပိုင်းခြားဝေဖန်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်ကို တွေ့ရသည်။ အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်သော မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးအတွက် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ခြင်းတည်းဟူသော ကာယဗလ၊ အသိဉာဏ်ပညာတည်းဟူသော ဉာဏဗလ၊ ကိုယ်ကျင့်သီလကောင်းမွန်ခြင်းတည်းဟူသော စာရိတ္တဗလ၊ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းခြင်းတည်းဟူသော မိတ္တဗလ၊ ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝခြင်းတည်းဟူသော ဘောဂဗလ ပြည့်ဝစေရေး ဆောင်ရွက်ပေးနေသည်။

နိုင်ငံတော်အစိုးရက လူငယ်များကို အနည်းဆုံး အလယ်တန်းအဆင့် တတ်မြောက်နိုင်ရန် လိုအပ်သဖြင့် KG +9 ပညာရေးကို မဖြစ်မနေသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေသကဲ့သို့ KG+9 အောင်မြင်သူများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများတွင် ဆက်လက်ပညာလေ့လာသင်ယူနိုင်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာလူငယ်များက ငယ်စဉ်ကတည်းက မိဘ၊ ဆရာနှင့် ဘာသာတရား၏ အဆုံးအမများဖြင့် ကြီးပြင်းလာကြသူများဖြစ်သဖြင့် ကိုယ်ကျိုးရှာအမြတ်ထုတ်လိုသည့် စိတ်ဓာတ်များမရှိဘဲ နိုင်ငံနှင့် လူမျိုးအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်သွားမည့် လူငယ်များသာဖြစ်သည်။ ထိုလူငယ်များကို ငယ်စဉ်ကတည်းက စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများကို ပြုစုပျိုးထောင်ပေးခဲ့ပြီး ကြီးပြင်းလာသည့်အခါတွင်လည်း ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လေ့ကျင့် သင်ကြားပေးနေပြီဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များကလည်း စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်းဖြင့် နိုင်ငံတော်၏ စွမ်းအားပြည့်အားမာန်များဖြစ်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။ ။

# အခမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အခမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံသည် ILO နှင့် ပူးပေါင်းကာ အခမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အခမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism – NCM) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသောအမျိုးသားအဆင့်အခမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အခမ္ပခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အခမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး (ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ် (၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com၊ moloffice51@gamil.com၊ research.org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အခမ္ပခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အခမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ တတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ တတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်-၁၆ ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ အရာထမ်း/ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျွန်းပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက သစ်ပင်များကို သတ်မှတ်နေရာများတွင် ဆက်လက်စိုက်ပျိုးပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက သစ်ပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီ၊ သင်းဝင်၊ ယမနေ၊ ဆီသပြေ၊ ပျဉ်းမ၊ ရင်းမာ၊ တိန်းညက်၊ မာလာလူးကား၊ ပိုလိုနီးယား စုစုပေါင်း သစ်မျိုး ၁၃ မျိုးဖြင့် ပျိုးပင် ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြသည်။

သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းသည် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ သစ်တောဖုံးလွှမ်းမှုကောင်းမွန်လာစေပြီး ရာသီဥတုမျှတသာယာခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုနှင့် အကျိုးကျေးဇူးများစွာ ရရှိစေသည့်အတွက် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းပြုစုရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရေးအတွက် မိုးရာသီအကြိုနှင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံအဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ ၃၉၈ ကြိမ် သစ်ပင်ပေါင်း ၃၂၇၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ မိုးရာသီအတွင်း သစ်တောစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ကားလမ်းဘေးဝဲ/ယာ စိုက်ပျိုးခြင်း၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများတွင် သစ်ပင်စုစုပေါင်း ၂၂ ဒသမ ၆၉၆ သန်း (လျာထားချက်၏ ၁၀၂ ရာခိုင်နှုန်း) စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ လုပ်ငန်း ဆပ်ကော်မတီဝင်များ ဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားရှိသည့် တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီ ဥက္ကဋ္ဌများက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မိမိတို့ဆပ်ကော်မတီအနေဖြင့် လမ်း၊ တံတားနှင့် အဆောက်အဦဆိုင်ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးအတွက်လည်း စိစစ်ကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်စီမံကိန်းလုပ်ငန်း လျာထားချက်များ တင်ပြရာတွင် ယခင်ဘဏ္ဍာနှစ်ရန်ပုံငွေ ခွင့်ပြုမှုအပေါ် အခြေခံပြီး လျာထားဆောင်ရွက်သွားကြရန်နှင့် နယ်မြေအခြေအနေအပေါ်မူတည်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသင့်သည့်ဒေသများတွင် ဦးစားပေး လျာထားစေလိုပါကြောင်း။

လုပ်ငန်းဆပ်ကော်မတီဝင်များအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းများထပ်ခြင်းရှိ/မရှိ စိစစ်ရန်၊ မဖြစ်မနေအမြန်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဦးစီးဌာနများ ပေါင်းစပ်ဆောင်ရွက်သင့်သည့် စီမံကိန်းလုပ်ငန်းများကို ဦးစားပေးအလိုက် လျာထားနိုင်ရေး ပြည်ထောင်စု၊ ပြည်နယ်၊ တိုင်းဒေသကြီး ပေါင်းစပ်ညှိနှိုင်းစိစစ် ဆောင်ရွက်သွားကြရန်၊ ဘဏ္ဍာငွေအလေအလွင့်နည်းပါးစေရေးတို့အတွက် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားကြရန်နှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း ပြီးစီးရေးကြပ်မတ်ဆောင်ရွက်သွားရန်၊ စီမံကိန်းလုပ်ငန်းများ လျာထားခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရာတွင် ထိရောက်သော ငွေကြေးသုံးစွဲမှု ဖြစ်စေရေးနှင့် လုပ်ငန်းများ၏ အရည်အသွေးပြည့်ဝစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဌာနအလိုက်၊ ဒေသအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်စီမံကိန်း လျာထားဆောင်ရွက်မှုအခြေအနေများနှင့် နှစ်ဆက်လုပ်ငန်းများအတွက် ဆက်လက်လျာထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးအကြံပြုတင်ပြကြရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာန တည်ထောင်ခြင်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် လိုဂိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာန တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ Economic Quiz 2024 နှင့် အထိမ်းအမှတ် လိုဂိုပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ပင်မခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုချိုသိန်းက အမှာစကားပြောကြားသည်။

ဘောဂဗေဒဌာန တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် လိုဂိုပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ပြိုင်ပွဲဝင် ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး Economic Quiz 2024 ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် လိုဂိုပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဘောဂဗေဒဌာန တည်ထောင်ခြင်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်ကျင်းပမည့် စက်တင်ဘာ ၅ ရက်တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ရတီ



# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပနေမှုကို ကြည့်ရှုအားပေးစဉ်။

**တက်ရောက်**

အဆိုပါရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ MRTV အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဆောင်းပါးပြိုင်ပွဲမှ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်သူ့အင်အား ဦးစီးဌာနမှ ဝန်ထမ်းများက **"နိုင်ငံ့အကျိုး မျှော်ကိုးရည် သန်းခေါင်စာရင်း ကောက်ကြမည်"** တေးသီချင်းဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ **"ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ"** ယှဉ်ပြိုင်မှု ပုံရိပ်များ Video Clip ကို ပြသပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က တစ်ဦးချင်း မိတ်ဆက်ကြသည်။

**Round လေးခုဖြင့် ကျင်းပ**

ဆက်လက်၍ **"ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ"** အစီအစဉ်ကို Round လေးခုဖြင့် ကျင်းပရာ Round (1)တွင် ဘာသာရပ်ဆိုင်ရာမေးခွန်း ၁၀ ခုကို အဖြေမှန်ရွေးချယ်ခြင်းဖြင့် လည်းကောင်း၊ Round(2)တွင် ဘာသာရပ်ဆိုင်ရာ မေးခွန်း ၁၀ ခုကို အမှား/ အမှန်ရွေးချယ်ခြင်းဖြင့် လည်းကောင်း၊ Round(3)တွင် ဘာသာရပ်ဆိုင်ရာ မေးခွန်း ၁၀ ခုကို ကွက်လပ်ဖြည့်နည်းဖြင့်လည်းကောင်း၊ Round (4)တွင် ရုပ်မြင်သံကြားဆိုင်ရာ မေးခွန်း ၁၀ ခုကို TV Spot နှင့် တေးသီချင်းများ ဖွင့်လှစ်ပြသမှုဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ပါဝင်ယှဉ်ပြိုင် ဖြေဆိုကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကား ပြောကြားရာတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် ယခုအခါ ပြည်သူလူထု အသိပညာပေး လုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလည်း မိမိတို့ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပခြင်းဖြစ်ရာ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများနှင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

သန်းခေါင်စာရင်းကို မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်၌ ရှိသည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု ၁၃ သန်းခန့်ကို အခြေခံတွက်ချက် ကောက်ယူမည်ဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူရန် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စာရင်းကောက်ကွက်ပေါင်း တစ်သိန်း တစ်သောင်းခန့်ရှိမည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက် လေးသောင်းနှစ်ထောင်ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန် လျာထားပါကြောင်း၊ သန်းခေါင်စာရင်းကို အိမ်ထောင်စု မေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်ရာ ပြည်သူများအနေဖြင့် စာရင်းစစ်၊ စာရင်းကောက်များ၏ မေးမြန်းသည့် မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်နိုင်ရေးအတွက်ပြည်သူလူထုအသိပညာပေးလုပ်ငန်းကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆွေးနွေးပြောကြား**

ယခုသန်းခေါင်စာရင်းကို နည်းပညာအသုံးပြု၍ Mobile Tablet များဖြင့် ကောက်ယူပြီး ရုံးချုပ်သို့ Online စနစ်ဖြင့် ပေးပို့ဆောင်ရွက်မည်ဖြစ်သည့်အတွက် အချက်အလက်များကို မှန်မှန်နှင့် မြန်မြန် သိရှိနိုင်မည်ဖြစ်ပြီး ရွှေ့ပြောင်းလူဦးရေစာရင်းကိုလည်း အချိန်တိုတိုအတွင်း သိရှိထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအချက်အလက်များကို မကြာမီကျင်းပတော့မည့် အထွေထွေ ရွေးကောက်ပွဲတွင် အဓိကကျသည့် မှန်ကန်သော မဲစာရင်း ပြုစုနိုင်ရေးအတွက် အထောက်အကူပြု အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်ပြည်သူအားလုံးပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ရာ လုပ်ငန်းစဉ် ဆောင်ရွက်မှုကို ပြည်သူများ သိရှိနားလည် လိုက်ပါ ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ပြည်သူလူထု အသိပညာပေး လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ လှုံ့ဆော်တေးများဖြစ်သည့် **"သမိုင်းမှတ်တိုင် စိုက်ထူနိုင်ပြီ"** တေးသီချင်းနှင့် **"ကျေးဇူးပြု၍ ဖြေပေးပါ"** တေးသီချင်းတို့ဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုတံဆိပ်၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က **"ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ"** ပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိကြသည့် မကဗျာထက်နိုင်နှင့် မခင်နေခြည်ထွန်းတို့အား လည်းကောင်း၊ ပူးတွဲ ဒုတိယဆုရရှိကြသည့် မောင်အောင်လင်းခန့်၊ မကေသရီစိုးစံနှင့် မနှင်းပေရယ်မိုးတို့အား လည်းကောင်း၊ အထူးဆုရရှိသူ ငါးဦးတို့အား လည်းကောင်း ဆုတံဆိပ်၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၉ သို့ ✻



ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းနှင့် ဝါသနာရှင်)အဆင့် ဆုရရှိသူများ၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာစဉ်။

✻ စာမျက်နှာ ၈ မှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ လှုံ့ဆော်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမြင့်ထွန်းတို့က လက်ခံရယူကြသည်။

ထို့နောက် "နိုင်ငံ့အကျိုး မျှော်ကိုးရည် သန်းခေါင်စာရင်းကောက်ကြမည်" တေးသီချင်း အသစ်တစ်ပုဒ်ကို မေတ္တာဖြင့် တီးခတ်ပေးသော မြဝတီရုပ်မြင်သံကြား တေးဂီတအဖွဲ့နှင့် ၎င်းတေးသီချင်းအား မေတ္တာဖြင့် ရေးစပ်သီကုံးပေးသော ဦးသိန်းရွှေဝင်းတို့အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းအဆင့်) တွင် ဆုရရှိသူ ငါးဦးတို့အား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆောင်းပါးပြိုင်ပွဲ (ဝါသနာရှင်အဆင့်)တွင် ဆုရရှိသူ ငါးဦးတို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များက ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းနှင့် ဝါသနာရှင်)အဆင့် ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စားရိပ်သာ၌ ဆုရရှိကြသူများ၊ ပြိုင်ပွဲဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အတူ နေ့လယ်စာ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းနှင့် ဝါသနာရှင်)အဆင့် ဆုရရှိသူများ၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများသည် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာအသံနှင့် ရုပ်မြင်သံကြားမှ News Channel Studio နှင့် Farmer's Channel Studio တို့တွင် သတင်းရိုက်ကူးထုတ်လွှင့်မှုများကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခင်းကျင်းပြသထားရှိမှုများကို လည်းကောင်း စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု လုပ်ငန်းစဉ်ကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ကြမည်ဖြစ်ရာ အဆိုပါလုပ်ငန်းစဉ်အပေါ် ပြည်သူများ စိတ်ဝင်စားမှု ပိုမိုရရှိပြီး ပါဝင်ဆောင်ရွက်လာနိုင်ရေးနှင့် အသိပညာမျှဝေရန်အတွက် လူထုလှုပ်ရှားမှု တစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခြေခံပညာအဆင့် အသက် ၁၄ နှစ်မှ ၁၇ နှစ်အထိ ကျောင်းသား ကျောင်းသူ ငါးဦးစီ ပါဝင်ယှဉ်ပြိုင်သည့် ရေဒီယို ဉာဏ်စမ်းပဟေဠိ ပွဲစဉ် ငါးပွဲကို ၂၀၂၄ ခုနှစ် မတ်လမှ စတင်၍ ဇူလိုင်လအထိ နေပြည်တော်နှင့် ရန်ကုန်တွင် လစဉ်ကျင်းပခဲ့ပြီး အဆိုပါ ပြိုင်ပွဲများမှ ပထမနှင့် ဒုတိယဆု ရရှိကြသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ယနေ့ ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု လုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

အဆိုပါ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပပုံများကို ယနေ့ ည ၈ နာရီ သတင်းများအပြီး ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား MRTV HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ရွှေပြည်သာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ "လူငယ်စကားဝိုင်း" ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ရွှေပြည်သာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားတာဝန်ခံ ဦးကျော်သက်မောင်က အားကစားစိတ်ဓာတ်အကြောင်း အသိပညာပေးဟောပြောကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဌေးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးနှင့် အထက်တန်းပြဆရာဦးအောင်မျိုးလင်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ လူငယ်နှင့် စာပေခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်စာစောင်များကို တက်ရောက်လာသူများက ကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ကွမ်းခြံကုန်း ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်းကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဒရယ်လူးကျေးရွာအနောက်ခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။



ဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်စိန်က စပါး/ နေကြာသီးနှံ မျိုးစေ့ထုတ်လုပ်နည်း၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေး ပြုလုပ်နည်းနှင့် သုံးစွဲနည်းများ၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းအမျိုးမျိုး၊ သီးနှံအထွက်နှုန်း တိုးတက်စေရန် ဆောင်ရန်ရှောင်ရန်များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝတ်ရည်ဦးက တိရစ္ဆာန်များ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်ရမည့် နည်းလမ်းများနှင့် မွေးမြူရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဒရယ်လူးအနောက် ခေတ်မီစံပြကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၈၀ ထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

၂၂၂

## မိုးညိုမြို့နယ်၌ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့်အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြု

**မိုးညို ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၃ နာရီက မိုးညိုမြို့ အထက(မိုးညို) သရဖူခန်းမဆောင်၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးဖြိုးဝေလင်းက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီး မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မအေးငြိမ်းသူအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူး ဝင်းဟန်ဇော်က အမျိုးသား မီတာ ၁၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်ကျော်မင်းနိုင်အား လည်းကောင်း၊ အဖွဲ့ဝင်(၂)ဦးစိုးတင့်က အမျိုးသားမီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သူအားလည်းကောင်း၊ အဖွဲ့ဝင်(၃) ဦးချစ်ကိုကိုက အမျိုးသားမီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သူအား လည်းကောင်း၊ အတွင်းရေးမှူး ရဲမှူးစိုးဝင်းက အမျိုးသမီးမီတာ ၁၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မအေးငြိမ်းသူအား လည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးကြည်လင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသိရသည်။

**ကိုမင်း(ပြန်/ဆက်)**

■

## ဟင်္သာတခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ဟင်္သာတ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ မြို့တော်ခန်းမ၌ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက်က အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အမှာစကားပြောကြားပြီး ပြိုင်ပွဲတွင် ဆုရရှိသူများက ပြန်လည်ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအသီးသီးတွင် ကဏ္ဍအလိုက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြိုင်ပွဲကျင်းပနိုင်ရေးတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြသော အကဲဖြတ်ဒိုင်များနှင့် အခမ်းအနားမှူးတို့အား ဂုဏ်ပြုဆုငွေများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ သွားရောက်၍ ဆေးရုံလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကလေးဆေးရုံကြီး(ရန်ကုန်)သို့ ရောက်ရှိကာ ဆေးကုသဆောင်၊ ကလေးခွဲစိတ်ကုသဆောင်၊ မွေးကင်းစကလေးကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်နှင့် ကလေးအရိုးကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ကုသရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြသည်။

ယင်းနောက် ဌာနရန်ပုံငွေဖြင့် ဝယ်ယူထောက်ပံ့ထားရှိသည့် ဆေးဝါးများ ရရှိသုံးစွဲမှုအခြေအနေ၊ နိုင်ငံတော်အစီအစဉ်ဖြင့် ရောဂါရှာဖွေရေး၊ ခွဲစိတ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးနိုင်မှု၊ လိုအပ်သောကုသမှုများရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် အထူးကုပြင်ပလူနာဌာန ဖွင့်လှစ်ဆောင်ရွက်နိုင်မှုတို့ကို စစ်ဆေးကာ လူနာများ နေရာကျယ်ဝန်းစွာ ကုသမှုခံယူနိုင်ရေးအတွက် ဖျားနာဆောင်တိုးချဲ့ဖွင့်လှစ်ရန်နှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ အားဖြည့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဆောက်လုပ်ရေးအထူးအဖွဲ့(၁)က တာဝန်ယူဆောက်လုပ်ခဲ့သော တိုးချဲ့ခြောက်ထပ်ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုကာ အမြန်ဆုံးလွှဲပြောင်း/လက်ခံဆောင်ရွက်ရန်နှင့် အတွင်းလူနာထားရှိကုသနိုင်ရေး လိုအပ်သည်များ ပြင်ဆင်ထားရှိရန် မှာကြားသည်။

ညနေပိုင်းတွင် မျက်စိရောဂါအထူးကုဆေးရုံကြီး (ရန်ကုန်)သို့ရောက်ရှိကာ မြေညီထပ်ရှိ ပြင်ပလူနာဌာန၊ အရေးပေါ်ဌာန၊ ခွဲခန်း၊ ခွဲမှန်ခန်း၊ ရေတိမ်ရောဂါအထူးကုစမ်းသပ်ခန်း၊ မျက်စိရောဂါအထူးစမ်းသပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနိုင်မှုအခြေအနေကို လူနာများအား မေးမြန်းကာ ဌာနအစီအစဉ်ဖြင့် ဆေးဝါးများပံ့ပိုးထားရှိမှု၊ ရောဂါရှာဖွေရေးလုပ်ငန်း စီစဉ်ဆောင်ရွက်ပေးနေမှု၊ လူနာများအနေဖြင့် ကျန်းမာရေးကုန်ကျစရိတ် စိုက်ထုတ်သုံးစွဲရမှု လျှော့ချနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို အသိပေးပြောကြားကာ ဌာနအနေဖြင့် ပိုမိုပံ့ပိုးဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပထမထပ်ရှိ ကလေးမျက်စိရောဂါဆိုင်ရာ မျက်စိအထူးစမ်းသပ်ခန်း၊ မြင်လွှာနှင့် မျက်စိအထူးစမ်းသပ်ခန်း၊ မျက်ခွံ၊ မျက်ရည်လမ်းကြောင်း၊ မျက်လုံးအိမ်ပိုင်းဆိုင်ရာ မျက်စိအထူးစမ်းသပ်ခန်း၊ မျက်ကြည်လွှာဆိုင်ရာ မျက်စိအထူးစမ်းသပ်ခန်း၊ လေဆာခန်း၊ ဒုတိယထပ်ရှိအမျိုးသမီးဆောင်၊ သီးသန့်လူနာခန်းများနှင့် တတိယထပ်ရှိ ရန်ကုန်အမျိုးသားမျက်စိဘဏ်တို့အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရန်ကုန်အမျိုးသားမျက်စိဘဏ် မျက်ကြည်လွှာလှူဒါန်းမှု ပိုမိုရရှိရေး ဆောင်ရွက်ထားမှုအခြေအနေများ၊ မျက်စိခွဲစိတ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကိုရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ရန်၊ မျက်တွင်းမှန်ဘီလူးများ ပိုမိုထောက်ပံ့နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး ရန်ကုန်မြို့သို့ ရောက်ရှိကာ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာနများသို့ လှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီးအပါအဝင် တာဝန်ကျအထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ဆေးရုံဥပဓိရုပ်ကောင်းမွန်ရေးနှင့် ဆေးရုံသုံးပစ္စည်းများ သပ်ရပ်တင့်တယ်စေရေး လိုအပ်သောပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်၊ ပြင်ပလူနာကြည့်ရှုကုသမှု ပိုမိုအားဖြည့်ဆောင်ရွက်ရန် မှာကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်မှုဆိုင်ရာ တိုင်းရင်းဆေးဆရာများ၏ ကြီးကြပ်မှုစွမ်းရည်မြှင့် သင်တန်းဖွင့်





**နေပြည်တော် ဩဂုတ် ၂၁**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီတို့ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့ ပူးပေါင်းဖွင့်လှစ်သော ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်မှုဆိုင်ရာ တိုင်းရင်းဆေးဆရာများ၏ ကြီးကြပ်မှုစွမ်းရည်မြှင့်သင်တန်း ဖွင့်ပွဲကို ဩဂုတ် ၂၁ ရက်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေး) နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ သင်တန်းသားသင်တန်းသူ တိုင်းရင်းဆေးဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့မှုများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့်သင်တန်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တိုင်းရင်းဆေးဆရာများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်သိက္ခာဆိုင်ရာ လမ်းညွှန်ချက်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေပြဋ္ဌာန်းချက်ပါ ဆေးပညာအရည်အသွေး၊ ကျင့်ဝတ်သိက္ခာနှင့် စည်းမျဉ်းစည်းကမ်းများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများအတွက် အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု လုပ်ငန်းစဉ်များ၊ တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်သည့် စိုထိုင်းမှု၊ မှိုပိုးကင်းစင်နည်းလမ်းများ၊ တိုင်းရင်းဆေးဝါးဥပဒေပြဋ္ဌာန်းချက်ပါ စည်းမျဉ်းစည်းကမ်းများ၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ တိုင်းရင်းဆေးဝါးများ၏ အမှတ်တံဆိပ်ပါ လိုအပ်ချက်များဆိုင်ရာ အာဆီယံလမ်းညွှန်ချက်များ၊ တိုင်းရင်းဆေးဝါးများ၏အရည်အသွေးထိန်းသိမ်းရေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းစဉ်များ၊ တိုင်းရင်းဆေးဝါးများ၏ ရောစပ်ညစ်ညမ်းပစ္စည်း အတိုင်းအဆဆိုင်ရာ အာဆီယံလမ်းညွှန်ချက်များ၊ တိုင်းရင်းဆေးဝါးများ၏တည်မြဲမှုနှင့် သက်တမ်းဆိုင်ရာ အာဆီယံလမ်းညွှန်ချက်များ အစရှိသည့် အကြောင်းအရာများကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဝါးဌာန၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနခွဲမှ ဆရာ ဆရာမများ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအသင်းမှ ထုတ်လုပ်သူများက ဆွေးနွေးပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။ **တီအမ်**

## Mpox (မျောက်ကျောက်) ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့် ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး ၁ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင်အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5°C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox(မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ် ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျလျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကို ကျက်အောင်ချက်ပြုတ်စားပါ၊

Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**ဩဂုတ်လ၊ ၂၀၂၄**

# ပြည်မြို့၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း အပတ်စဉ်(၂/၂၀၂၄) ဖွင့်

ပြည် ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းအပတ်စဉ် (၂/၂၀၂၄) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ပြည်မြို့ ဇီးအုပ်တောင်သူလယ်သမားသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအဓိကထားလုပ်ကိုင်ဆောင်ရွက်နေသူများဖြစ်ကြောင်း၊ ယခုဖွင့်လှစ်ပေးသည့် သင်တန်းသည် ကျေးလက်နေတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သိသင့်သိထိုက်သည်များကို တောင်သူဦးကြီးများ နားလည်နိုင်သည့် အသုံးအနှုန်းများဖြင့် ကိုယ်တိုင်လုပ်ကိုင်နိုင်သည်အထိ စာတွေ့/လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့်သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချပေးလိုက်သည့် နည်းပညာဗဟုသုတများကို စံနမူနာပြအဖြစ် လက်တွေ့လိုက်နာကျင့်သုံးကြရန်နှင့်



မိမိတို့ရပ်ရွာရှိတောင်သူလယ်သမားများထံ ဆက်လက်ဖြန့်ဝေပေးကြစေလိုကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးတင်ဆွေ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည်တို့က တက်ရောက်လာသည့် တောင်သူများထံ စားဖိုဆောင်သီးနှံဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သင်တန်းတက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ပြည်ခရိုင်နှင့်နတ်တလင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံ တောင်သူ ၄၀ တက်ရောက်လျက်ရှိပြီး သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်နည်းလမ်းများ၊ စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး အပင်သက်တမ်းအလိုက် ပြုစုစောင့်ရှောက်ခြင်း၊ ကြံသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးနည်းစနစ်များ၊ အခြေခံငါးမွေးမြူရေးနှင့်ဆေးထိုးသားဖောက်ဆောင်ရွက်ခြင်း၊ လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေရိုင်းဥပဒေဆိုင်ရာသိကောင်းစရာများ၊ ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးနည်းစနစ်များ၊ မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းနှင့် မျိုးစေ့ဥပဒေဆိုင်ရာသိကောင်း စရာများ၊ ပီလောပီနံစနစ်တကျစိုက်ပျိုးရေး၊ မြေဆီလွှာအာဟာရဓာတ် ပြည့်ဝစေရေးအတွက် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း၊ စပါးသီးနှံတွင် ကျရောက်တတ်သော ဖျက်ပိုး/ ရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ ဝက်မွေးမြူထုတ်လုပ်ခြင်း၊ လက်ဆွဲကောက်စိုက်စက် အသုံးပြုခြင်းနှင့် ပျိုးထောင်ခြင်း၊ ဆည်မြောင်းဥပဒေဆိုင်ရာ သိကောင်းစရာနှင့် စိုက်ပျိုးရေအကျိုးရှိစွာသုံးစွဲနည်းနှင့် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မုံရွာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်း

မုံရွာ ဩဂုတ် ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာများမှ ကော်မတီဝင်များအား စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ စီမံချက်ရေးဆွဲနည်းနှင့် AVIP သင်တန်းအား လေးရက်ကြာ ဖွင့်လှစ်ပေးခဲ့သည်။

မုံရွာမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် တောပုကျေးရွာအုပ်စု တောပု (မ) ကျေးရွာအား VDP ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူ ထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေ ကျပ်သိန်း ၁၈၀ ဖြင့် ကျေးရွာတွင်း ကျောက်ရိုးစီမြေကာနံရံပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။





အဆိုပါသင်တန်းတွင် တောပု(မ)ကျေးရွာမှ ကော်မတီဝင် သင်တန်းသားငါးဦးအား စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရေးဆွဲနည်းများ၊ ကျေးရွာအိမ်ထောင်စုစာရင်း ကောက်ယူနည်းများ၊ ဖွံ့ဖြိုးရေးအခြေပြဇယားရေးဆွဲနည်းများ၊ ကျေးရွာဖွံ့ဖြိုးရေးမူဘောင်ဇယား ၄၈ မျိုး ဖြည့်သွင်းနည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

# ပီတိကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပီတိကျန်းမာရေးစောင့်ရှောက်မှုသမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက ကန်တောင်ရပ်ကွက်ရှိ အသင်းရုံးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် သမဝါယမအသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ခုနှစ် အသင်းအမှုဆောင်အဖွဲ့၏အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများအား အသင်းအမှုဆောင်တစ်ဦးက ဖတ်ကြားတင်သွင်းခဲ့သည်။ ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးသက်ပြင်းက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပီတိကျန်းမာရေးစောင့်ရှောက်မှုသမဝါယမ အသင်းသားအသင်းသူများအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အစုအပေါ်အမြတ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ကော့သောင်းမြို့၌ ရာဘာစိုက်ပျိုးရေးလုပ်ငန်း ဒုတိယအကြိမ်ချေးငွေများ ပေးအပ်

ကော့သောင်း ဩဂုတ် ၂၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (မြစိမ်းရောင်စီမံကိန်း) သမဝါယမကဏ္ဍမှ ကော့သောင်းမြို့နယ်အတွင်း ရာဘာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများအား ဒုတိယအကြိမ် ချေးငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ကော့သောင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချို၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဦးသိန်းအောင်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာမှတာဝန်ရှိသူများက ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာအုပ်စု စိုင်ဒင်း(စံပြ)ကျေးရွာရှိ ရွှေဖြူသစ္စာရာဘာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသား တောင်သူ ၁၉ ဦးထံသို့ ရာဘာစိုက်ပျိုးမှုဧကအလိုက် ရာဘာစိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၂၅၀ ကို လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ရာဘာစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် တောင်သူများအထောက်အပံ့ဖြစ်စေရန်ရည်ရွယ်ပြီး ယခုကဲ့သို့ချေးငွေများ ထုတ်ပေးခြင်းဖြစ်ပြီး တောင်သူများအနေဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်းနှင့် ချေးငွေများအား သတ်မှတ်ထားသောနှုန်းထားများ အလိုက် မပျက်မကွက်ပြန်လည်ဆပ်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တံတားဦးမြို့နယ်၌ ရေဆင်းစပ်မျိုးနေကြာ (၁) မျိုးစေ့ထုတ်တောင်သူကွင်းသရုပ်ပြပွဲကျင်းပ



တံတားဦး ဩဂုတ် ၂၁

တောင်သူများ ဆီထွက်သီးနှံဖူလုံရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် ရေဆင်းစပ်မျိုးနေကြာ (၁) မျိုးစေ့ထုတ်တောင်သူကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက တံတားဦးမြို့နယ် ပန်းယျကျေးရွာ တောင်သူ ဦးညွန့်နိုင်ဝင်း၏ ရေဆင်းစပ်မျိုးနေကြာ (၁) မျိုးစေ့ထုတ်စိုက်ခင်း၌ ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်းက ကွင်းသရုပ်ပြပွဲဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးမျိုးစေ့ထုတ်တာဝန်ခံ ဒေါ်မင်းမင်းသွင်က တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် အရည်အသွေးပြည့်မီ၍ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်အသုံးပြုရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်း၏ နည်းပညာအကြောင်းနှင့် တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက နေကြာစိုက်ခင်းကွင်းသရုပ်ပြပွဲ၏ ရည်ရွယ်ချက်များနှင့် နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ရှင်းလင်းပြောကြားကာ မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တံတားဦးမြို့နယ်အနေဖြင့် ရေဆင်းစပ်မျိုးနေကြာ (၁) မျိုးစေ့ထုတ်စိုက်ခင်း ဧက ၅၀ စိုက်ပျိုးထားပြီး စားသုံးဆီဖူလုံရေးအတွက် မိုးနေကြာ ၂၅၅၁ ဧကကိုလည်း စိုက်ပျိုးထားကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးသွားသော မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာသွင်းအားစု ထောက်ပံ့ပေးအပ်



ပုသိမ် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သည့်လယ်များအတွက် မျိုးစပါးနှင့် မြေဩဇာများကိုနည်းလမ်းအသွယ်သွယ်ဖြင့် အချိန်မီကုစားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယနေ့မွန်းလွဲပိုင်းတွင် ရေကြည်မြို့နယ် သဃ်န်းဒေါင့်အုပ်စုနှင့်အင်းလျာကုန်းအုပ်စု၊ ကျောင်းကုန်းမြို့နယ် မကျည်းပင်ကွင်း၊ ပန်းတောရိုးအုပ်စုများသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်ခရိုင် ရေကြည်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီ ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးသွားသော မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာ သွင်းအားစုထောက်ပံ့ပေးအပ်ပွဲအခမ်းအနား တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးအဆက်မပြတ် ရွာသွန်းမှုများပြားပြီး မြစ်ရေကြီးမှု ဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးကေများ ရေကြီးနစ်မြုပ်ခဲ့ရကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်စိုက်ကေများမှ ပြန်ပေါ်စိုက်ကေများတွင် ပျက်စီးခဲ့သည့်စိုက်ကေများအား မိုးစပါးများ ပြန်လည်ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထိခိုက်ခဲ့သည့် စိုက်ကေများအတွက် အထွက်နှုန်းများ ထိခိုက်မှုမရှိစေရေး ကုစားခြင်းများ ဆောင်ရွက်လျက်ရှိပြီး စိုက်ကေများ ပြည့်မီစေရေးနှင့် အထွက်နှုန်းများ ထိခိုက်မှုမရှိစေရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရေကြီးနစ်မြုပ်လယ်ကေများအား ပြန်လည်အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေကြီးနစ်မြုပ် တောင်သူများထံသို့ မျိုးစပါးနှင့် ဓာတ်မြေဩဇာသွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် တောင်သူဦးသန်းလွင်၏ ပြန်ပေါ်သည့်စိုက်ကေငါးကေတွင် GW-11 မျိုးစပါး စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ပြုလုပ်သည့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ်တောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ရေကြီးနစ်မြုပ်တောင်သူများထံသို့ မျိုးစပါးနှင့် ဓာတ်မြေဩဇာသွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေး

တာချီလိတ် ဩဂုတ် ၂၁

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက တာချီလိတ်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သော အဖွဲ့နှင့် မြန်မာနိုင်ငံမှ တာချီလိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို ဦးဆောင်သော ဌာနဆိုင်ရာအဖွဲ့တို့က နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် တရားမဝင်မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစားများ တားဆီးနှိမ်နင်းရေး၊ မီးခိုးမြူငွေ့နှင့် ရေကြီးရေလျှံမှုအန္တရာယ် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် ရဲမှူးကြီးအောင်ဇော်မိုးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သထုံမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

သထုံ ဩဂုတ် ၂၁

မွန်ပြည်နယ် သထုံမြို့နယ်၌ တာဝန်ရှိသူများနှင့် ပညာရေးဌာနတို့ ပူးပေါင်းကာ ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ယနေ့နံနက် ၁၀ နာရီက လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် မြို့နယ်ဥပဒေအရာရှိ ဦးဉာဏ်လင်းစိုး၊ ခရိုင်ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဟန်ဝင်းထွဋ်၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ ဒုရဲအုပ် ဖြိုးသူခိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသား ကျောင်းသူများသိသင့်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိပြီး လိုက်နာကြစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရန်/ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောရာ ကျောင်းသားကျောင်းသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ တစ်စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော် (၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**



## ရန်ကုန်တောင်ပိုင်းခရိုင် G.E.C နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် (၂၆)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်ရုံးရှိရာ သန်လျင်၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် သဘာပတိ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေဦးက ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် (၂၆)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပေးရခြင်းတို့အား ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမလုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းသားစာရင်းစစ်၏ အစီရင်ခံစာများ ဖတ်ကြားကာ ငွေစုငွေချေး အသင်းသားဦးရေ ၉၉၇ ဦးအတွက် စုဆောင်းငွေအပေါ်အကျိုးငွေကျပ် ၂၉ ဒသမ ၉၁ သိန်းအား သဘာပတိဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌက အသင်းသား ကိုယ်စားလှယ်များထံ ထုတ်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ (၂၆)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသော အသင်းသားများ၏ သား သမီး ကျောင်းသားကျောင်းသူ ရှစ်ဦးတို့အား သဘာပတိ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး နောက်ဆုံးအဆိုပြုချက်ကိုလက်ခံရန် ဟားမတ်စ်အဖွဲ့ကို အမေရိကန်တိုက်တွန်း

ဝါရှင်တန် ဩဂုတ် ၂၁

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး နောက်ဆုံးအဆိုပြုချက်ကို လက်ခံရန် ဟားမတ်စ်အဖွဲ့ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကင်က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ဘလင်ကင်သည် ဩဂုတ် ၂၀ ရက်တွင် အီဂျစ်နှင့် ကာတာနိုင်ငံတို့သို့ သွားရောက်ကာ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွတ်မြောက်ရေး သဘောတူညီချက်ရရှိရန် ရည်ရွယ်ပြီး အဆိုပါနိုင်ငံခေါင်းဆောင်များနှင့်အတူ စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဂါဇာဒေသ၌ သေဆုံးမှုအရေအတွက်နှင့် အခြားသောဘေးအန္တရာယ်များ တစ်နေ့တခြား ပိုမိုမြင့်တက်လာသည့်အတွက် အပစ်အခတ်ရပ်စဲရေးကို အမြန်ဆုံးလုပ်ဆောင်ရန် လိုအပ်ကြောင်း အဆိုပါဆွေးနွေးပွဲပြီးနောက် ဘလင်ကင်က သတင်းထောက်များကို ပြောကြားသည်။

ထို့ပြင် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ကွာဟချက် ကျဉ်းမြောင်းရန် ကြိုးပမ်းမှုများနှင့်ပတ်သက်ပြီး ဘလင်ကန်က ပြောကြားခဲ့သည်။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ နောက်ဆုံးအဆိုပြုချက်ကို အစ္စရေးက လက်ခံခဲ့ကြောင်းနှင့် ဟားမတ်စ်အဖွဲ့ကလည်း လက်ခံမည်ဟု မျှော်လင့်ပါကြောင်း ၎င်းက ဆက်လက်ပြောသည်။

နောက်ဆုံးအဆိုပြုချက်ကို ဟားမတ်စ်အဖွဲ့က လက်ခံရန် အမေရိကန်၊ အီဂျစ်နှင့် ကာတာတို့ လာမည့်ရက်များအတွင်း ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘလင်ကန်က ပြောကြားသည်။

နောက်တစ်ကြိမ် ဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တွင် အီဂျစ်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီး ၁၁၇ နှစ်တွင် ကွယ်လွန်



မက်ဒရစ် ဩဂုတ် ၂၁

အမေရိကန်နိုင်ငံ၌ မွေးဖွားသည့် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီး မာရီယာ ဘရန်းယက်စ်မိုရီယာသည်စပိန်နိုင်ငံ၌ အသက် ၁၁၇ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

၎င်းသည် ဩဂုတ် ၁၉ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း ဂရင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်အရသိရသည်။

မာရီယာသည် ၁၉၀၇ ခုနှစ် မတ် ၄ ရက်တွင် အမေရိကန်နိုင်ငံ၌ မွေးဖွားပြီး ၁၉၁၄ ခုနှစ်တွင် စပိန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၎င်းသည်ကမ္ဘာစစ်ကြီးနှစ်ခုနှင့် စပိန်ပြည်တွင်းစစ်ကာလအတွင်း စပိန်နိုင်ငံ၌ နေထိုင်ခဲ့သည်။ ၎င်းသည် စပိန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ သက်ကြီးစောင့်ရှောက်ရေးဂေဟာတွင် အနှစ် ၂၀ ခန့်နေထိုင်ခဲ့သည်။ အသက် ၁၁၃ နှစ်အရွယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော်လည်း ရက်ပိုင်းအတွင်း ပြန်လည်ကျန်းမာလာခဲ့သည်။ ၎င်းသည် မိတ်ဆွေများ၊ မိသားစုဝင်များနှင့် အပူအပင်ကင်းမဲ့စွာ နေထိုင်တတ်သူတစ်ဦးဖြစ်သည်။

၎င်းသည် ဩဂုတ် ၁၉ ရက်က နေအိမ်တွင် အိပ်နေစဉ် ဝေဒနာမခံစားရဘဲ ငြိမ်းချမ်းစွာကွယ်လွန်ခဲ့ကြောင်း ၎င်း၏ မိသားစုက ဩဂုတ် ၂၀ ရက်တွင် လူမှုမီဒီယာ၌ ပြောကြားသည်။ လက်ရှိအချိန်တွင် သက်ရှိထင်ရှားရှိသည့် ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးမှာ ဂျပန်နိုင်ငံအနောက်ပိုင်း ဟိုက်ဂိုစီရင်စုတွင် နေထိုင်သည့်အသက် ၁၁၆ နှစ်ရှိ အီတိုကာတိုမီကိုအမည်ရှိ အမျိုးသမီးဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၌ မျောက်ကျောက်ပိုင်းရပ်စ်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်ရန် ကျန်းမာရေးအစီအစဉ်များ ဆောင်ရွက်

ဂျကာတာ ဩဂုတ် ၂၁

အင်ဒိုနီးရှားကျန်းမာရေးအာဏာပိုင်များက မျောက်ကျောက် ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်တားဆီးရန်ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားဧည့်သည်များအား ကျန်းမာရေးစစ်ဆေးသည့် အစီအစဉ်ကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်းသို့ လာရောက်ရန် ဖိတ်ကြားထားသည့် အခြားနိုင်ငံများမှဧည့်သည်တော်များအပါအဝင် နိုင်ငံခြားသားဧည့်သည်များကို ကျန်းမာရေးဆိုင်ရာ မေးခွန်းလွှာများ ဖြည့်စွက်ရန် လေဆိပ်ရှိ စစ်ဆေးရေးဂိတ်များတွင် ကျန်းမာရေးဆိုင်ရာစစ်ဆေးသည့် အစီအစဉ်များကို ချမှတ်လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် နိုင်ငံခြားသား ဧည့်သည်များသည် ၎င်းတို့၏ မကြာသေးမီက ခံစားခဲ့ရသည့် ရောဂါများ၊ အဆက်အသွယ်များနှင့် နောက်ဆုံးခရီးသွားခဲ့သည့် နေရာဒေသများကိုလည်း ဖြည့်စွက်ရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနမှ ယာယီညွှန်ကြားရေးမှူးချုပ် ယူဟီ ပရာမိုနိုက ပြောကြားခဲ့သည်။

ခရီးသွားများ မျောက်ကျောက်ရောဂါပိုးကူးစက်ခံရသည့် လက္ခဏာများခံစားရပါက ခရီးဆက်ခြင်းမပြုဘဲ ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရန် ကျန်းမာရေးအာဏာပိုင်များက ၎င်းတို့ကို တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း ယူဟီ ပရာမိုနိုက ဆက်လက်ပြောကြားသည်။

အာဖရိကနိုင်ငံများ၌ မျောက်ကျောက်ရောဂါကူးစက်မှု များပြားလာခြင်းကြောင့် မျောက်ကျောက်ဗိုင်းရပ်စ်သည် ကမ္ဘာလုံးဆိုင်ရာ စိုးရိမ်စရာဖြစ်လာကြောင်း ပြီးခဲ့သည့် သီတင်းပတ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာပြီးနောက် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါဗိုင်းရပ်စ်မျိုးစိတ်သစ် ကူးစက်ခံထားရသူတစ်ဦးတွေ့ရှိ

ဗန်ကောက် ဩဂုတ် ၂၁

ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါဗိုင်းရပ်စ်မျိုးစိတ်သစ်တစ်ခုဖြစ်သည့် Clade 1b ကူးစက်ခံထားရသည်ဟု သံသယရှိသည့် အမျိုးသားတစ်ဦးကို စတင်တွေ့ရှိခဲ့ကြောင်း ယနေ့ ဗန်ကောက်ပို့စ် သတင်းအရ သိရသည်။

ယင်းဗိုင်းရပ်စ်သည် ကူးစက်နိုင်ခြေအလွန် မြင့်မားသည်ဟု ထိုင်းနိုင်ငံ ကူးစက်ရောဂါထိန်းချုပ်ရေးဌာနက ပြောကြားသည်။

ဗိုင်းရပ်စ်ကူးစက်ခံရသည့် ၎င်းသည် ထိုင်းနိုင်ငံတွင် အခြေစိုက်နေထိုင်သည့်အသက် ၆၆ နှစ်အရွယ်ရှိ ဥရောပသားတစ်ဦးဖြစ်ပြီး အာဖရိကဒေသတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်း ထိုင်းနိုင်ငံကူးစက်ရောဂါထိန်းချုပ်ရေးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သွန်ချိုင်းကီယာတီဟက်တက်ယာကွန်က ပြောကြားသည်။



၎င်းသည် ဩဂုတ် ၁၄ ရက်တွင် အာဖရိက ဒေသမှ ထိုင်းနိုင်ငံသို့ လေကြောင်း ခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် ကိုယ်အပူချိန် မြင့်တက်လာကာ အဖုအပိမ့်များ ထွက်လာသဖြင့် ဆေးရုံတွင် သွားရောက်ကုသခဲ့ရာ မျောက်ကျောက် ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ ၎င်းအား ကူးစက်သည့် ဗိုင်းရပ်စ်အမျိုးအစားသည် Clade 1b ဟုတ်မဟုတ် ဓာတ်ခွဲခန်းတွင် စစ်ဆေးသွားမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းနှင့် အတူ လေယာဉ်စီးလာသည့် ခရီးသည်များအား ဖျားနာမှု တစ်စုံတစ်ရာရှိပါက ကျန်းမာရေးဌာနတွင် သွားရောက်ကုသမှုခံယူရန် တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။

ကိုးကား-ဗန်ကောက်ပို့စ်
ဘာသာပြန်-စိုးသူရ




# မမျှတသည့် ရပ်တည်ချက်များကြောင့် ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးနှောင့်နှေးနေဟု ဟားမတ်စ်အဖွဲ့ပြောကြား

ဂျေရုဆလင် ဩဂုတ် ၂၁

အမေရိကန်သမ္မတဘိုင်ဒင်၏ ဟားမတ်စ်အဖွဲ့အပေါ် ထားရှိသည့် မမျှတသည့် ရပ်တည်ချက်များကြောင့် ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရေးမှာ ဝေးကွာနေကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

၎င်း၏ မှတ်ချက်များတွင် ဟားမတ်စ်အဖွဲ့၏ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ချက်များကို အသိအမှတ်မပြုဘဲ အစ္စရေးအပေါ် ဘက်လိုက်သည့် အမေရိကန်၏ သဘောထားများကို တွေ့မြင်နေရပြီး ဂါဇာရှိ အပြစ်မဲ့ဒေသခံများကို တိုက်ခိုက်နေသည့် အစ္စရေး၏လုပ်ရပ်များကို အားပေးရာရောက်ကြောင်း ဟားမတ်အဖွဲ့က ပြောကြားသည်။

လက်ရှိအချိန်တွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးကို နှောင့်နှေးစေရန်တောင်းဆိုချက်အသစ်များ တောင်းဆိုနေကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရေးတွင် ဟားမတ်စ်အဖွဲ့က နောက်ဆုတ်သွားခဲ့သောကြောင့် အစ္စရေးကလည်း တိုက်ခိုက်သင့်သည်များကို ဆက်လက်တိုက်ခိုက်မည်ဟု ဘိုင်ဒင်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ

# နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားနှစ်ဦးဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ ဩဂုတ် ၂၀ ရက်က လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် ည ၁၀ နာရီခွဲတွင် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် ပုဗ္ဗသီရိမြို့နယ် ညဈေးအနီး ဇော်ဂျီလမ်းပေါ်၌ အမျိုးသားနှစ်ဦးအား မသင်္ကာဖွယ် တွေ့ရှိစစ်ဆေးခဲ့ရာ တပင်ရွှေထီးရပ်ကွက်နေ နေထက်လင်း(ခ)ဘဂျစ်(၁၉)နှစ်(ဘ)ဦးလင်းလင်းနှင့် ကျည်တောင်ကန် (၁)ရပ်ကွက်နေ ရဲထက်ပိုင်(ခ)ညိုလေး(၂၂)နှစ်(ဘ)ဦးညိုကြီးတို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးထံမှ အဖြူရောင် ကြွပ်ကြွပ်အိတ်အတွင်း လျှပ်စစ်မီးကြိုး(ကြေးကြိုး)ဖြတ်စ ၅၀ ကျပ်သားခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူနှစ်ဦးကို တွေ့ရစဉ်။

စစ်ဆေးချက်အရ နေထက်လင်း(ခ)ဘဂျစ်နှင့် ရဲထက်ပိုင်(ခ)ညိုလေးတို့နှစ်ဦးသည် အဆိုပါလျှပ်စစ်မီးကြိုးများအား ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ဖြတ်တောက်ခိုးယူခဲ့ခြင်းဖြစ်ပြီး ၎င်းအပြင် ကွန်ပရက်ဆာတစ်လုံး၊ မော်တာတစ်လုံးနှင့် ရေမော်တာတစ်လုံးတို့အား ခိုးယူခဲ့ပြီး နေထက်လင်း(ခ)ဘဂျစ်၏ နေအိမ်တွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် သက်သေခံပစ္စည်းများအား သွားရောက်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံ နေထက်လင်း(ခ)ဘဂျစ်နှင့် ရဲထက်ပိုင်(ခ)ညိုလေးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအမှုရေးဖွင့်ပြီး ဆက်စပ်ပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားကြောင်းနှင့် ကျန်ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်

နေပြည်တော် ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာကို ဩဂုတ် ၁၉ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်းနှင့် ကျန်ရှိသည့် ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဆောင်ရွက်လျက်ရှိ

အဆိုပါသတင်းနှင့်ပတ်သက်၍ မြင်းခြံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ်မှ ကျေးရွာအချို့ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များမီးလောင်ပျက်စီးပြီး ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ၎င်းကျေးရွာမှ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများမရှိကြောင်း သိရသည်။




၎င်း PDF အမည်ခံအကြမ်းဖက်သမားများသည် မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် အတွက် ဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေ နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတစ်ဝန်းတွင် စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများစာရင်းအား တပ်မတော်က ကောက်ယူနေကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတစ်ဝန်းတွင် စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများစာရင်းကို တပ်မတော်က ကောက်ယူနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နိုင်ငံတစ်ဝန်း စစ်မှုထမ်းရန် အကျုံးဝင်သည့် အမျိုးသမီးများ စာရင်းကို ကောက်ယူခြင်း မရှိကြောင်းနှင့် အမျိုးသမီးများ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတော်နှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က မည်သည့်ထုတ်ပြန်ကြေညာချက်မှ ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် လှုံ့ဆော်ဝါဒ ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# ချမ်းအေးသာစံမြို့နှင့် တောင်ကြီးမြို့ ရွှေညောင်မြို့နယ်တို့တွင် ငွေကျပ် ၂၃၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၁

ချမ်းအေးသာစံမြို့နှင့် တောင်ကြီးမြို့ ရွှေညောင်မြို့နယ်တို့တွင် ငွေကျပ် ၂၃၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက်ရှိ သန်းထွန်းအောင်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၇၀၅ ပြားနှင့် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၁၂၆ ကီလို၊ ကက်တမင်း သုည ဒသမ ၀၂ ကီလို၊ အိုက်စ် သုည ဒသမ ၁၃၅ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၉ ရက် ညနေ ၆ နာရီခွဲတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ တောင်လေးလုံး ကျေးရွာအုပ်စု တောင်လေးလုံးကျေးရွာအနီးတွင် ဇော်ဦး(ခ)သက်ဟိန်းမောင်းနှင်လာသည့် TOYOTA CALDINA အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၇ ဒသမ ၄ ကီလို၊ Happy Water ၁ ဒသမ ၄၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၈-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီးပရိတ်တရားတော် (ဓဇဂ္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | ပုဂံမြေမှယွန်းလက်မှုပညာ |
| ၀၉:၁၅ | NRC အစီအစဉ်(ချင်း) |
| ၀၉:၄၅ | အာဟာရပြည့်လျှင်ရောဂါစင်ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | ပုလဲကေရီမှအပိုးတန်ပုလဲရတနာလေးများ |
| ၁၁:၄၅ | NEXT LEVEL |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၃၀) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်ကမ္ဘာထဲကငွေရည်စိမ်မှတ်တမ်း' (အပိုင်း-၈) |
| ၁၆:၄၅ | ပျောက်ကျောက်ရောဂါသတိပြုပါ |
| ၁၇:၀၅ | Soccer View |
| ၁၇:၂၀ | လွတ်လပ်ပြီးတရားမျှတတဲ့ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ဖို့ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ |
| ၁၇:၂၅ | လူမှုစီးပွားသတင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ဂုဏ်ကတစားကွက်' (အပိုင်း-၄) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်ကမ္ဘာထဲကငွေရည်စိမ်မှတ်တမ်း' (အပိုင်း-၉) |
| ၂၂:၀၅ | မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁၃) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Thatta Htar Na (Sein Lei Lei) |
| 07:11 | Shwezigon Pagoda |
| 07:38 | Enchanting Myeik |
| 07:53 | Myanmar-Korea Song (7) |
| 08:01 | News |
| 08:27 | Healthy Diet: Detox Water |
| 08:36 | Karunar Kabar Home for the Aged (Nay Pyi Taw) |
| 09:01 | Dances of Myanmar: Akha Traditional Dance |
| 09:05 | Home for the Beautiful Star Tortoises |
| 09:21 | The Usefulness of Thread |
| 09:39 | Yoga & Health |
| 10:01 | News |
| 10:26 | ASEAN Information Exchange Initiative: Renewable Energy |

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
'ဝ' မိဘမဲ့ဘော်ဒါ

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
အမဲစင်းကော

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ရှုမြင်စေချင်ကော်ယော်မိုနတို့ရဲ့ဓလေ့အသွင်

**ဝကေကကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သွားကျောက်ဖြစ်ခြင်းနှင့်သွားအကြောထုတ်ကုသခြင်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၄)

**ချင်း(လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ရာသီပန်းများနှင့်ဖလမ်းမြို့

**ချင်း(ချိူး) (၁၆:၀၀ မှ ၁၇:၀၀)**
မြားတံပြုလုပ်ခြင်းနှင့်အထားအသို

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
မြေထည်အိုးပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ထိန်းသိမ်းစို့လေရိုးရာအမွေ (တက်ညီလက်ညီအပြိုင်လှော်ရခိုင်ရိုးရာပြိုင်လောင်းပွဲတော်)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ကလေးငယ်များကိုပြည့်စွက်စာကျွေးခြင်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၈:၄၅ | မဟာဆန်တဲ့ယဉ်ကျေးမှုအမွေကချင်ရိုးရာငွေပန်းထိမ် |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန်အလွယ်လုပ်အလွဲဖြစ်' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂) |
| ၁၈:၀၀ | ELECTION PGM-01 |

### MRTV FARMERS' / HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၅ | တောင်သူအများပြုံးရွှင်ဖို့ချည်မျှင်ရှည်ဝါစိုက်ကြစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၇:၁၅ | 'စိုက်ပျိုးမွေးမြူသုတဘဏ်' စားရေရိကျာပုလုံဖို့စိုက်ပျိုးစွမ်းအားမြှင့်တင်စို့ |
| ၁၈:၀၀ | Planet 5 |
| ၁၉:၀၀ | Planet 6 |
| ၂၂:၀၀ | Way Back Home (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly Soccer Preview |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အရေး(သီချင်းရေးနည်း) သင်တန်းတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၁

အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ လူငယ် လူရွယ်များ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု (အခြေခံပညာအဆင့်)အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အရေး(သီချင်းရေးနည်း)သင်တန်းကို ဩဂုတ် ၁၈ ရက်တွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



အဆိုပါ သင်ကြားနေမှုများကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ လမ်းညွှန်မှုဖြင့်၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီက ချမှတ်ထားသော ရည်ရွယ်ချက်များနှင့်အညီ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအတွက် ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်၍ သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်ကြပြီး ဝါရင့်ပညာရှင်ကြီးလေးဦးက သင်ကြားပို့ချပေးနေကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ၂၀၂၄ ခုနှစ် (၂၅ )ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် မြန်မာ့အကအခြေခံကဗျာလွတ်သင်တန်းကိုလည်း အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်လျက် ရှိကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# ပါရီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်သစ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၁

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၈ ရက်အထိ ကျင်းပမည့် ၂၀၂၄ နွေရာသီ ပါရီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ ( Paris 2024 Paralympic Games)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်အားကစားသမား မောင်စိုးပေနှင့် အုပ်ချုပ်သူ ဦးမင်းနိုင်ဦး၊ နည်းပြ ဒေါက်တာထက်ဇေယျာတို့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲတွင် မောင်စိုးပေသည် အမျိုးသား မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ပြိုင်ပွဲဆေးအဆင့် (T64) (ဒူးအောက်တစ်ဖက်) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မောင်စိုးပေအနေဖြင့် ပြီးခဲ့သည့်လေးနှစ်တာကာလအတွင်း နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးခု၊ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခု စုစုပေါင်းဆုတံဆိပ်ကိုးခုရရှိခဲ့သည့်အတွက် ကမ္ဘာ့မသန်စွမ်းပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ကမ္ဘာ့မသန်စွမ်းအားကစားအဖွဲ့ချုပ်တို့က ယခုနွေရာသီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကိုထက်



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “MC ZAW MIN” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ဇော်မင်းထွန်း(ခ)ပြောင်ကြီးအား နံနက် ၁၁ နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ “Zin Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ သန့်ဇင်မိုးအား မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ “LU LU SWE” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ လုလုဆွေ(ခ) ပန်ပန်အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ “Kyaw Zin Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်နေ ကျော်ဇင်ဝင်း(ခ) ဖိုးသားအား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ “Demo Koko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မောင်ကိုကိုအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ “EI MA MA” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ မမသက်အား ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Aung Kyaw Myo Myo” Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ဝမ်းတွင်းမြို့နယ်နေ အောင်ကျော်မျိုးအား ည ၈ နာရီခွဲတွင်လည်းကောင်း၊ “အမေ့သားပြည့်ဖြိုး” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်နေ ဖြိုးမင်းသန်း(ခ)ပေါလုအား ည ၉ နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ “Zar Ni Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ်နေ ဇာနည်စိုးအား ည ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရွှေလင်ပန်းစက်မှုဇုန်ရှိ Ying Sheng အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဦးနိုင်ဦးအား လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိက အလုပ်ရှင်၊အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၂၃၃၆၀၀ ကို အလုပ်ဌာနမှ တာဝန်ရှိသူများရှေ့မှောက်တွင် အာမခံအလုပ်သမား ဦးနိုင်ဦးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ပခုက္ကူဈေးကွက်၌ ပဲယဉ်း(နီ)နှင့် ပဲယဉ်း(ဝါ) သီးနှံများ အရောင်းအဝယ်သွက်

မကွေး ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ မြစ်ခြေ၊ ကမ္ဘ၊ ဆိပ်ဖြူ မြိုင်၊ ပေါက်၊ ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဂန့်ဂေါခရိုင်အတွင်းရှိ ကျေးရွာများ၌ ပဲယဉ်းသီးနှံကို ဆောင်းရာသီတွင် စိုက်ပျိုးကြကြောင်း၊ အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလတွင် စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလတွင် သီးနှံရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ပဲယဉ်း(နီ)နှင့် ပဲယဉ်း(ဝါ) မျိုးများကို စိုက်ပျိုးကြပြီး ပဲယဉ်းသီးနှံမှာ စိုက်ပျိုးရလွယ်ကူ၍ အလုပ်သမားကုန်ကျစရိတ်နည်းပါးခြင်းကြောင့် တစ်ဧကလျှင်



ကုန်ကျစရိတ်ငွေကျပ် ၃၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ပဲယဉ်းသီးနှံအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၀-၂၅ တင်းခန့် ထွက်ရှိပြီး သီးနှံပေါ်ချိန်ဈေးနှုန်းအနေဖြင့် ပဲယဉ်း(ဝါ) တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀-၅၂၀၀၀၊ ပဲယဉ်း(နီ)တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀-၆၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ်ရှစ်သိန်းခွဲခန့် ရရှိသည်။

ပခုက္ကူဈေးကွက်၌ ပဲယဉ်းသီးနှံများ မတ်လမှစတင်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဩဂုတ်လ ဒုတိယပတ်တွင် ပဲယဉ်း(နီ) တစ်တင်းလျှင် ငွေကျပ် ၇၆၀၀၀၊ ပဲယဉ်း(ဝါ)တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ်ရေ ၁၀၀ မှ ၃၀၀ အထိ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပဲယဉ်းသီးနှံများကို ပြည်တွင်းတိရစ္ဆာန်အစာအဖြစ် မွေးမြူရေးလုပ်ငန်းရှင်များမှ ဝယ်ယူမှုအများအပြားရှိသည့်အပြင် မန္တလေးမြို့သို့လည်း တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ ယခင်ကတိရစ္ဆာန်အစားအစာအဖြစ် မြေပဲဖတ်ကို သုံးစွဲခဲ့ပြီး မြေပဲဖတ်ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် မြေပဲဖတ်အစားထိုး ပဲယဉ်းသီးနှံများ ဝယ်ယူသုံးစွဲမှုများပြားကာ ဈေးကွက်တွင် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။



# ပဲခူးငါးချဉ် ဈေးနှုန်းဈေးကွက်အခြေအနေ

ပဲခူး ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ဒေသထွက်ကုန်အနေဖြင့် ငါးချဉ်လုပ်ငန်းအား တစ်နိုင်တစ်ပိုင် လုပ်ကိုင်လျက်ရှိပြီး ပဲခူးမြို့အခြေပြု ထုတ်လုပ်ရောင်းချလျက်ရှိသော ငါးချဉ်အမှတ်တံဆိပ်များတွင် ငွေငါး၊ ပဲခူး(မနီ)၊ အေးမိစံ၊ ကမ္ဘာကျော်၊ ကောင်းထက်စံ၊ ပဲခူးအောင်၊ မမွန်လေး၊ မနိုင်၊ ကျော်ကြား၊ ရွှေဟသာ်စသည့် တံဆိပ်အသီးသီးဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ငါးချဉ်ပြုလုပ်ရာတွင် အဓိကအသုံးပြုသည့် ငါးအမျိုးအစားမှာ ငါးဖယ်ဖြစ်ပြီး ငါးဖယ်ရှားပါးသော အချိန်ကာလများတွင် ငါးမြစ်ချင်းငါးကို အစားထိုးထုတ်လုပ်ကြပြီး ကုန်ကြမ်းအဖြစ် အသုံးပြုသည့် ငါးများကို ပဲခူးမြို့ရှိငါးဒိုင်များမှ ဝယ်ယူအသုံးပြုလျက်ရှိကြောင်း၊ ငါးချဉ်ထုပ်ပိုးရာတွင် အသုံးပြုသည့် တောင်စွန်းဖက်ရွက်များကို အရွက်ကြီးလျှင် ငါးကျပ်၊ အရွက်သေးလျှင် သုံးကျပ်ခန့်ဖြင့်ဝယ်ယူ၍ ငါးချဉ်တစ်ထုပ်လျှင် ငါးချဉ် ရှစ်ကျပ်သားခန့်ပါရှိကာ တောင်စွန်းဖက် သုံးရွက်ခန့်အသုံးပြု၍ ထုပ်ပိုးရောင်းချကြောင်း သိရသည်။

ငါးချဉ်ထုတ်လုပ်သည့် လုပ်ငန်းငယ်တစ်ခုတွင် တစ်ရက်လျှင် ငါးပိဿာချိန် ၁၀ မှ ၉၀ အထိ အသုံးပြု၍ ငါးချဉ်ထုတ်လုပ်နိုင်ပြီး ငါးပိဿာချိန် ၁၀ လျှင် ငါးချဉ် ၁၀ ကျပ်သားပါ အထုပ်အရေအတွက် ၂၀၀ ခန့်ထွက်ရှိပြီး ငွေကျပ် သုံးသိန်းခွဲခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ဩဂုတ်လ တတိယပတ်တွင် ငါးချဉ် ၁၀ ကျပ်သား နှစ်ထုပ်ပါ တစ်ဘူးလျှင် ငွေကျပ် ၄၀၀၀၊ ပုစွန်ချဉ် ၁၀ ကျပ်သား နှစ်ထုပ်ပါ တစ်ဘူးလျှင် ငွေကျပ် ၄၅၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း၊ ငါးပိဿာချိန် ၁၀ အသုံးပြုပြီး ငါးချဉ်ထုတ်လုပ်နိုင်ပါက ငွေကျပ် ၅၀၀၀၀ အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရှိ ဘုရားကြီး၊ မဒေါက်၊ ရွှေကျင်၊ ဒိုက်ဦး၊ ဝေါ၊ ပြွန်တန်ဆာစသည့် မြို့များသို့ တင်ပို့ရောင်းချမှုအပြင် ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချလျက်ရှိရာ ဝယ်ယူသုံးစွဲမှု မြင့်တက်လျက်ရှိကြောင်း သိရသည်။

# မကွေးမြို့နယ်အတွင်း မိုးနှမ်းသီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်

မကွေး ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ မြို့သစ်၊ နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးနှမ်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိရာ မကွေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဩဂုတ်လ တတိယပတ်တွင် နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀၊ နှမ်းဖြူ(ခြံကျော်)တစ်တင်းလျှင် ငွေကျပ် ၁၄၃၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၃၈၀၀၀၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ငွေကျပ် ၂၁၅၀၀၀ ဖြင့် မိုးနှမ်းသီးနှံတင်းပေါင်း ၂၉၃၉၅၀၊ တန်အားဖြင့် တန် ၄၈၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဩဂုတ်လ ဒုတိယပတ်နှင့် ဩဂုတ်လ တတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဩဂုတ်လ ဒုတိယပတ်အတွင်း နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင် ငွေကျပ် ၁၄၃၀၀၀၊ နှမ်းဖြူ(ခြံကျော်) တစ်တင်းလျှင် ငွေကျပ် ၁၃၈၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀၀ ပေါက်ဈေးရှိရာ ဩဂုတ်လ တတိယပတ်တွင် နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၊ နှမ်းဖြူ(ခြံ) တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၊ နှမ်းနီ တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀ စသည်ဖြင့် ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ရာသီဥတုမမှန်ခြင်း၊ အထွက်နှုန်း လျော့နည်းခြင်းနှင့် ပြည်ပဝယ်လိုအား ကောင်းမွန်ခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်ရခြင်း ဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်း ဆီကြိတ်ခွဲထုတ်လုပ်သည့် ဆီစက်လုပ်ငန်းရှင်များနှင့် နှမ်းလှော်ဖိုလုပ်ငန်းများမှ ဝယ်ယူမှုအပြင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ ■

# ဥယျာဉ်ဇင်ကျေးရွာ၌ ခရမ်းချဉ်သီးများ စတင်စိုက်ပျိုး

မကွေး ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ဥယျာဉ်ဇင်ကျေးရွာ၌ စပါး၊ နှမ်း၊ ပဲသီး၊ ခရမ်းချဉ်သီးနှင့် ဥယျာဉ်ခြံသီးနှံများကို စီးပွားဖြစ်စိုက်ပျိုးကြပြီး ထိုင်ဝမ်ခရမ်းချဉ်သီးနှံကို ဩဂုတ်လမှ စတင်၍ စိုက်ပျိုးလျက်ရှိရာ စိုက်ဧက သုံးဧကကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ခရမ်းချဉ်သီးစိုက်ပျိုးရာတွင် တိုင်ထောင်စနစ်ဖြင့် မြေအောက်ရေကိုအသုံးပြု၍ စိုက်ပျိုးကြောင်း၊ ထိုင်ဝမ်ခရမ်းချဉ်သီး မျိုးစေ့ တစ်ထုပ်လျှင် ငွေကျပ် ၂၇၀၀၀ ဖြင့် စိုက်ပျိုးရေးဆေးဆိုင်များမှ ဝယ်ယူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ် ခြောက်ထုပ်ခန့် ကုန်ကြကြောင်း၊ စိုက်ပျိုးပြီး နှစ်လခွဲအကြာတွင် ခူးဆွတ်ရ၍ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ခရမ်းချဉ်သီးပိဿာချိန် ၄၂၅၀ ခန့် ထွက်ရှိခဲ့ပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်သိန်း ၆၀ ခန့်ရရှိခဲ့ပြီး မင်းဘူးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင်လည်း အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များစွာရရှိနိုင်ကြောင်း ထိုင်ဝမ်ခရမ်းချဉ်သီးစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

## ၂၁- ၈ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၂၀၀၀ | ၆၆၈၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၅၅၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၆၆၄၅ | ၁၂၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၃၄၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၂၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၈၇၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၂၅၀၀ | ၇၈၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၆၅၇၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၃၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၆၇၅၀ | ၆၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၇၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၂၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၇၅၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၃၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၁၆၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၈၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၇၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၂၀၀ | ၅၀၅၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၇၅၀၀ | ၇၀၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၈၅၀ | ၈၅၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၈၆၀၀ | ၇၀၃၀ | ၁၁၅၀၀ | ၂၆၀၀ | ၁၃၈၀၀ | ၁၉၅၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၂၀၀ | ၅၆၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၀၃၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၄၄၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၆၀၀ | ၁၂၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၃၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၅၀၀၀ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃၆၅/ခ)၊ (မြေညီထပ်+ထပ်ခိုး)၊ အကျယ်အဝန်း(၁၉ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းနိုင် [၁၂/သဃက(နိုင်) ၀၃၈၁၆၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသောင်းထိုက်အာကာ [၁၂/ဗတထ(နိုင်) ၀၃၅၃၁၆] က ဝယ်ယူရန်အတွက် (၂၀-၈-၂၀၂၄) ရက်နေ့တွင် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်ထားများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းထိုက်အာကာ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်ဖြိုးလတ် (LL.B)** — **ဦးဖြိုးဝေဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**
**(စဉ်–၁၂၀၀၅)** — **(စဉ်–၅၃၁၂၉)**

**အမှတ်(၁၀၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ (၃/မာန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၇၀၀၅၂၁၈၅၊ ၀၉–၂၆၃၇၃၇၄၉၈**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၁-၈-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာတွင် စာမျက်နှာ-၂၃ ပါ ဒေါ်မေသဥ္ဇာသိန်း၊ ဒေါ်ပွင့်သူဇာ (တရားလွှတ်တော်ရှေ့နေများ)၏ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ဦးစောအာကူးလားနှင့် ဒေါ်အေးသန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အစား ဦးစောအာကူးလားနှင့် ဒေါ်ထွေးကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ (၉)လမ်း၊ အိမ်အမှတ်–၁၂၊ မြေတိုင်းရပ်ကွက်– ရန်ကုန်သစ်၊ လူနေရပ်ကွက်–၊ မြေကွက်အမှတ်–၈၈၃၊ ဦးခင်မောင် အမည်ပေါက်–ဂရန်မြေ၊ (၃၄x၆၀)ပေမြေအနက်မှ (၁၅x၆၀) ပေ မြေပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်နှင့် မြေတို့အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါကြောင်း

အထက်ဖော်ပြပါမြေနှင့်နေအိမ်တို့အား လက်ရောက်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်နန်းစီသန်း [၁၂/ဒလန(နိုင်)၀၄၆၈၇၉]ထံမှ အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မော်လွင်ဇာ [၁၂/ရကန(နိုင်) ၀၅၈၉၆၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် နေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ခွင့်ရှိသည်ဆိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**

**ဒေါ်သူဇာအောင်** — **ဒေါ်ရီနွယ်သန်း**
**LL.B, D.B.L, D.I.L, WIPO (G.C.I.P Switzerland)** — **LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၈၇၉/၁၇)အထက်တန်းရှေ့နေ(စဉ်–၅၅၁၇၁/၂၂)**
**Ph:09–420009937, 09–764206123**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၂၇၂)၊ တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉စီ)၊ မြေကွက်အမှတ်(၃)၊ မြေအမျိုးအစား–နှစ်(၉၀)ဂရန်မြေ၊ မြေအမည်ပေါက် ဦးသိန်းဖေ (အိုင်အက်စ်အင်န်–၄၁၂၅၅၀)၊ ဒေါ်သန်းသန်း(အေအေ–၀၉၂၁၉၁)တို့၏ မြေကွက်ဖြစ်ပါသည်။ ယင်းမြေ၏အမည်ပေါက်ဦးသိန်းဖေသည်(၂၁-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သန်းသန်းသည်(၂၆-၁၀-၂၀၂၃) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြကြောင်း၊ ဒေါ်သန်းသန်းသည် အမွေစားအမွေခံကိတ္တိမ သားသမီးအဖြစ် မွေးစားခြင်းစာချုပ်အမှတ်–၁၀၆၀၆/၂၀၂၂(၂၁–၁၂–၂၀၂၂)ဖြင့် (၁)ဒေါ်ခင်မာဆွေ(ခ) ဒေါ်သန်းဆွေ၊ (၂)ဦးသန်းဆွေ၊ (၃)ဒေါ်မြတ်စန္ဒာသိန်း၊ (၄)ဦးဝင်းထက် တို့ကို မွေးစားခဲ့ကြောင်း၊ ကွယ်လွန်သူ မွေးစားမိဘဖြစ်သူ ဒေါ်သန်းသန်းနှင့် ၎င်း၏ခင်ပွန်းဦးသိန်းဖေတို့တွင် သားသမီးအရင်း တစ်ယောက်မျှမရှိကြောင်း၊ မွေးစားမိဘ ဒေါ်သန်းသန်း ကွယ်လွန်ပြီးနောက်တွင် တရားဝင်မွေးစားသားသမီးများကသာလျှင် ဗုဒ္ဓဘာသာဓလေ့ထုံးစံနှင့်အညီ အမွေဆက်ခံရန်ကျန်ရှိပြီး အမွေဆက်ခံပိုင်ဆိုင်သည်မှာမှန်ကန်ကြောင်း နှင့် အခြားအမွေခံမရှိကြောင်း ဒေါ်ခင်မာဆွေ(ခ) ဒေါ်သန်းဆွေ[၁၂/စခန(နိုင်)၀၀၆၀၄၉]၊ ဦးသန်းဆွေ[၁၂/ပဘတ(နိုင်)၀၀၈၀၃၄]၊ ဒေါ်မြတ်စန္ဒာသိန်း[၁၂/ဥကတ (နိုင်) ၀၂၉၈၇၃]၊ ဦးဝင်းထက်[၁၂/စခန(နိုင်) ၀၆၉၃၇၇]တို့က လသာမြို့နယ်တရားရုံးတွင်ကျိန်ဆိုသည့် ကျမ်းကျိန်လွှာ အမှတ်–၃/၁၀၁၃/၂၀၂၄(၁၈–၃–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြခြင်း၊ မြေပြင်ကွင်းဆင်းချက်အရ မြေပြင်တွင် (၄)ခန်းတွဲ (၁၂)ထပ် ကွန်ဒိုအဆောက်အဦ နှင့်(၂)ထပ်တိုက်အဆောက်အဦ(၁)လုံးရှိပြီး ကွန်ဒိုဦ ကိုယ်တိုင်နှင့် အပျောက်အခန်းဝယ်ယူသူများနေထိုင်ကြောင်း၊ (၂)ထပ်အဆောင်မှာ လူနေထိုင်ခြင်းမရှိ သော့ခတ်ထားသည်ကိုသော့ဖွင့်ပြသဖြင့် မြေပိုင်ဆိုင်မှု မှန်ကန်ကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း ကွင်းဆင်းစဉ်လက်မှတ်ရေးထိုးတင်ပြခြင်း၊ မြေစာရင်းမှတ်ချက်ရှိ (၁၅–၃–၁၉၉၁)ခုနှစ်တွင် ဦးသိန်းဖေနှင့် ဒေါ်သန်းသန်း မြေပုံကူးလျှောက်ထားခြင်းနှင့် (၁၂–၆–၁၉၉၁) ခုနှစ်တွင် ဦးသိန်းဖေမှ မြေပုံမြေရာဇဝင်လျှောက်ထားခြင်းတို့မှာ အိမ်ဆောက်ရန်အတွက် မြေပုံလျှောက်ထားခဲ့ခြင်းဖြစ်ပြီး အိမ်မဆောက်ဖြစ်ခဲ့ခြင်း၊ အသုံးမပြုခဲ့ခြင်းနှင့် အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့ကြောင်း၊ (၁၉–၆–၁၉၉၈)ခုနှစ်တွင် ဦးသိန်းဖေ+၁ မှ မြေပုံကူးလျှောက်ထားခဲ့ခြင်းမှာ အိမ်ဆောက်လုပ်ရန်အတွက် လျှောက်ထားခြင်းဖြစ်ပြီး၊ ယခုအိမ်ဆောက်လုပ်ခဲ့သည်မှာ မှန်ကန်ပါကြောင်းနှင့် အဆောက်အဦဆောက်လုပ်ပြီးနောက် ပြန်လည်သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ဒေါ်ခင်မာဆွေ(ခ) ဒေါ်သန်းဆွေ၊ ဦးသန်းဆွေ၊ ဒေါ်မြတ်စန္ဒာသိန်း၊ ဦးဝင်းထက်တို့က မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ကျိန်ဆိုသည့်ကျမ်းကျိန်လွှာအမှတ်–၁၄၂၂/၂၀၂၄(၂၆–၆–၂၀၂၄) ဖြင့် မြေပုံကူးမှတ်ချက်တို့ကို ရှင်းလင်းကြောင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ ကံ့ကော်မြိုင်၊ က.ပ.က ကျောင်းဝင်အမှတ်(ကက–၁၄၈၆) G–12(SE–2) ကျောင်းသူ နန်းဒီဇင်ဘာနှင်း၏ ဖခင်အမည်မှန်မှာ ဦးရာဇာ[၈/မဘန(နိုင်)၂၀၂၀၅၃]ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ် (၅၃၂) ဟုခေါ်တွင်သည့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအောင်သန်းမြင့်အမည်ဖြင့် ချထားပေးသည့် အကျယ်အဝန်း (၄၀ x ၆၀) ပေအကျယ်ရှိ (ပါမစ်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရရှိထားကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်မေထွန်း [၁၂/ပဘတ(နိုင်)၀၀၃၆၆၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထက်ထက်အောင်(ဘ)ဦးအေးဝင်း [၁၂/မဂတ(နိုင်)၀၈၆၃၉၉]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** — **ဒေါ်ခိုင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၈၉၄၉/၂၀၁၃)** — **(စဉ်–၉၇၃၄/၂၀၁၄)**
**ဖုန်း–၀၉–၄၂၁၀၅၃၁၁၀** — **ဖုန်း–၀၉–၄၂၁၀၅၃၁၀၁**

**(ရုံးခန်း) သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းအမှတ်(၃၉၉/က)၊ သီရိမင်္ဂလာစီမံချက်၊ မြေကွက်အမှတ်(စ/၆၈–ခ)၊ အကျယ်အဝန်း (၀.၄၆) ဧကရှိ အိမ်အမှတ်(၂၉/B)၊ ဆန်းသစ်ဦးလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော ဒေါ်မြမြတ်ထွန်း [၁၂/ကမရ(နိုင်)၁၄၉၄၂၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်မြမြတ်ထွန်း [၁၂/ကမရ(နိုင်)၁၄၉၄၂၂]မှ မိမိတစ်ဦးတည်းအမည်ပေါက် လက်ရောက်ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာဖြိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၀၇၁၄)**
**ဖုန်း–၀၉–၂၅၀၅၁၆၉၈၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ် (၄၀)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ် (၄၅၀)၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်သီသီတင် [၁၂/ရကန(နိုင်)၀၅၄၂၅၅] အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်အား ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

အထက်အမည်ပါ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်သီသီတင် [၁၂/ရကန(နိုင်)၀၅၄၂၅၅]မှ မိမိတစ်ဦးတည်း အမည်ပေါက်လက်ရောက်ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဥမ္မာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၀၇၁၄)**
**ဖုန်း–၀၉–၂၅၀၅၁၆၉၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အပိုင်း(၁၀)လမ်းမကြီး၊ အထက်မင်းကြီးလမ်း၊ တိုက်အမှတ် (၄၄၇)၊ အခန်းအမှတ် – B၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း အလျား(၁၈)ပေ x အနံ(၅၅)ပေရှိ တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးချစ် [၉/မနမ(နိုင်)၁၂၄၀၁၉] က ဒေါ်စီစီမာ [၁၂/အစန(နိုင်) ၀၂၀၆၆၂] ထံမှ (၁၄–၈–၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေး ကတိစာချုပ်ဖြင့် စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်၍ ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက သတ်မှတ်ကာလကျော်လွန်သည်နှင့် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငယ် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၉၅)**
**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၅၆၀၀၇**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစိန်မြ၏ သမီး ခင်မြတ်သူ [၁၂/ဒလန(နိုင်)၀၄၇၂၇၆]၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 912677) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–442648660**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အုန်းတောဘုရားလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၈၀)၊ အခန်းအမှတ်(၃၀၂) ကို ဌာနနှင့် အကျိုးတူဆောက်လုပ်သော အောင်ဇမ္ဗူဆောက်လုပ်ရေးထံမှ ဒေါ်သိန်းသိန်း [၁၂/ကမရ (နိုင်) ၀၂၈၄၉၆]က ဝယ်ယူခဲ့ပြီး ၎င်းထံမှ စပ်ဆက် စာချုပ်များဖြင့်ပြန်လည် ဝယ်ယူထားသူ ဒေါ်တင်တင်ဝင်း [၁၂/ကမရ(နိုင်)၀၃၆၆၃၆]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ပြင်ဦးလွင် (၇)လမ်း၊ အမှတ်(၂၂၁)၊ (၂၀/၄၅) သံဒင်းရပ်ကွက်ရှိ ပေ(၂၀x ၆၀)အကျယ်ရှိ မြေကွက်နှင့် အိမ်အဆောက်အဦ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်သူ ဦးမောင်ဝင်း [၁၂/လမန(နိုင်) ၀၄၆၈၄၉] ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ပိုင် ဆိုင်ထားသော ဦးအောင်နိုင်ထွေး [၁၂/ရပသ(နိုင်)၁၂၅၃၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝန်နီလှိုင် LL.B, D.M.L, D.I.L, D.I.R, B.D.S (MOFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၇၃၈/၁၃)**
**အမှတ်(၄၅/၆၁၂)၊ ပေါ်တော်မူ(၃)လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ Ph:09–422470665, 09–794969226**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက် ”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ ခတ္တာလမ်း၊ မြေကွက်အမှတ်(၁၃၂)ဟုခေါ်တွင်သော ဦးဌေးဝေ အမည်ပေါက် ပါမစ် [မိတ္တူ အလျား၂၅ပေxအနံ၆၀ပေ (မြေပုံပါ)] (ခေါင်းရင်းခြမ်း)ရှိ အိမ်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုလက်ရှိ ပိုင်ဆိုင်ထားကြသူများဖြစ်သော ဦးထွန်းအောင်[၁၂/မရက(နိုင်)၁၀၁၃၄၂]နှင့် ဦးထွေးနောင်[၁၂/မဂတ(နိုင်)၀၆၁၉၄၀]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်စိုး [၁၂/ဥကတ(နိုင်)၀၁၅၆၁၇]နှင့် ဒေါ်စန်းစန်းမြင့်[၁၂/ဥကတ(နိုင်) ၀၁၂၅၅၄]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ မည်သူမဆို (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးစုကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၈၆)**
**ဖုန်း–၀၉–၄၃၁၇၁၆၅၉**

## ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ The Central Condominium. ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်၊ Tower(1). Level(3A), Unit(D) ကွန်ဒိုတိုက်ခန်း အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ ကွန်ဒိုတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးနေအောင်ကျော် [၁၂/လသန(နိုင်)၀၁၈၄၆၀]ထံမှ ဦးတူး(ခ)ဦးအောင်ကျော်အေး [၁/ဝမန(နိုင်)၀၁၁၀၃၀] က အပြီးအပိုင်ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်း တန်ကြေးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ၊ ခိုင်လုံစွာဖြင့် ဤကြော် ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတူး(ခ)ဦးအောင်ကျော်အေး ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## (၁၆–၈–၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၉)ပါ၊ တရားလွှတ်တော်ရှေ့နေ ဒေါ်နန်းထက်ထက်ဇော် (စဉ်–၁၃၇၁၇)၏ ကြေညာချက်ကို ကန့်ကွက်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၇၆၂)၊ စာဂ (၁၈)လမ်းရှိ မြေကွက်နှင့် အဆောက်အဦသည် ကွယ်လွန်သူဒေါ်သို့အမည်မှ ချွေးမဖြစ်သူ ဒေါ်ခင်မာကြည် [၁၂/ဥကတ(နိုင်)၁၄၉၁၁၀]က မသမာသောနည်းဖြင့် အမည်ပြောင်း၍ တရားမဝင်လက်ဝယ်ပိုင်ဆိုင်ထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ဒေါ်ခင်မာကြည်မှ ဦးသန့်ဇင်အောင်[၁၂/ရကန(နိုင်) ၀၇၇၃၂၁]နှင့် ဦးပြည့်ဖြိုးအောင် [၁၂/ရကန(နိုင်)၀၈၁၇၇၂]တို့အား ရောင်းချပိုင်ခွင့်မရှိသကဲ့သို့ အခြားတစ်စုံတစ်ဦးသို့ ထပ်ဆင့်ရောင်းချခြင်းသည် တရားမဝင်သဖြင့် ယင်းအရောင်းအဝယ်ကိစ္စကို ပြင်းထန်စွာကန့်ကွက်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးလှမြင့် B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၈၆/၁၄–၆–၁၉၇၉)**
**ဖုန်း–၀၉–၂၆၄၈၈၄၂၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၆၇၉)၊ မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်အေးနနစံ(၁၃/ပတယ(နိုင်)၀၂၈၅၅၃)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ် လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲ အပ်ညွှန်ကြားချက် အရ –

**ဒေါ်စုမြတ်မောင် (LL.B)** — **ဒေါ်ကေကေနိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၅၄) — အထက်တန်းရှေ့နေ (စဉ် - ၅၃၃၄၄)

**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ် - ၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ - ၄၂၈၀၂၂၃၈၄၊ ၀၉ - ၄၂၆၈၇၆၆၆၀၊ ၀၉ - ၇၆၉၈၂၃၄၁၇၊

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သာကေတမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၆၆

ဒေါ်သွယ်သွယ်ညွန့် နှင့် ၁။ ဦးရွှေဝင်း
၂။ ဒေါ်ခင်သန်းဝင်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံအရှေ့(၅)လမ်း၊ အမှတ် (၁၂၄၃)နေ ၁။ ဦးရွှေဝင်း ၂။ ဒေါ်ခင်သန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်သွယ်သွယ်ညွန့်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက် ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာ ရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းအိအိထွေး)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## အမှတ်တံဆိပ်အသိပေးကြေညာချက်

အမှတ် ၁၊ ပင်လုံလမ်းမ၊ ၃၀ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သော ဦးဇော်မျိုးအောင် (၅/မကန(နိုင်)၀၆၁၈၆၉)နှင့် ဒေါ်ဖွန့်ဦးခိုင် (၁၂/ကမရ(နိုင်)၀၆၁၇၁၅) တို့သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ပိုင်ရှင်အဖြစ် ရန်ကုန်မြို့ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်သွင်းထားရှိပြီး ဖြစ်ပါသည်–

ZSquare

မှတ်ပုံတင်အမှတ်-၄/၆၂၉၇/၂၀၂၄

ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို **အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှု အမျိုးအစား–၃၅** တွင်ပါဝင်သော "အမျိုးသား/အမျိုးသမီးနှင့် ကလေးဝတ် အဝတ်အထည်/ အတွင်းခံ/ ဦးထုပ်/ ဖိနပ်/ ခါးပတ်/ အိတ်အမျိုးမျိုး၊ စာရေးကိရိယာနှင့် ကျောင်းသုံးပစ္စည်းအမျိုးမျိုး၊ ဖန်စီပစ္စည်းအမျိုးမျိုး၊ တစ်ကိုယ်သုံး သန့်ရှင်းရေးကုန်ပစ္စည်းအမျိုးမျိုး၊ အလှကုန်နှင့် အသားအရည် ထိန်းသိမ်းရေးဆိုင်ရာပစ္စည်းအမျိုးမျိုး၊ ဖုန်းနှင့် ဖုန်းအပို/ ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ စာအုပ်နှင့် အရုပ်အမျိုးအမျိုး၊ သန့်ရှင်းရေးသုံး ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးဆေးဝါးနှင့် ဖြည့်စွက်စာအမျိုးမျိုး၊ ကွန်ပျူတာပစ္စည်းအမျိုးမျိုး၊ အခြားလျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို လက်လီလက်ကားရောင်းချသော စတိုးဆိုင်နှင့် မီနီမတ် လုပ်ငန်းများ" လုပ်ကိုင်ရာတွင် အသုံးပြုလျက်ရှိပါသည်။

ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားကို ဦးဇော်မျိုးအောင်နှင့် ဒေါ်ဖွန့်ဦးခိုင်တို့၏ သဘောတူ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိပါဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်က တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပသုံးစွဲခြင်းများကို မပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်မျိုးအောင်နှင့် ဒေါ်ဖွန့်ဦးခိုင်တို့၏
လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးကျော်မိုးထက် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၀၀၂/၂၀၁၈)
Tel: (+959) 450059247

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
## ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
## ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ မြိတ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မုတ်ခွံဝယ်ယူလိုသူ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) **မုတ်ခွံ(ခွဲသတ်/ရေသေ/Saibo) ရောရာများ ရောင်းချခြင်း (တင်ဒါအမှတ်– ၁၊ တင်ဒါအမှတ်–၂)**

| | | | | |
|---|---|---|---|---|
| ၂။ | (က) | အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | – | ၂၁–၈–၂၀၂၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း |
| | (ခ) | တင်ဒါအမှတ်(၁)ပိတ်မည့် ရက်နှင့် အချိန် | – | ၃–၉–၂၀၂၄ ရက် (၉:၀၀)နာရီချိန်ထိ |
| | (ဂ) | တင်ဒါအမှတ်(၂)ပိတ်မည့် ရက်နှင့် အချိန် | – | ၃–၉–၂၀၂၄ ရက် (၁၀:၃၀)နာရီချိန်ထိ |
| | (ဃ) | တင်ဒါအမှတ်(၁)စိစစ်ရွေးချယ် မည့်နေ့ရက်နှင့် အချိန် | – | ၃–၉–၂၀၂၄ ရက် (၉:၃၀)နာရီ |
| | (င) | တင်ဒါအမှတ်(၂)စိစစ်ရွေးချယ် မည့် နေ့ရက်နှင့် အချိန် | – | (၃–၉–၂၀၂၄)နေ့ (၁၁:၀၀)နာရီ |
| | (စ) | အိတ်ဖွင့်တင်ဒါများတင်သွင်း ရမည့်နေရာ | – | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့။ ဖုန်း– ၀၉–၄၀၇၇၉၃၃၉၉၊ ၀၉–၄၂၉၉၀၂၀၅၃ |
| | (ဆ) | အိတ်ဖွင့်တင်ဒါများ စိစစ်ရွေးချယ်မည့်နေရာ | – | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့၊ |

၃။ မုတ်ခွံများကြည့်ရှုရန်နှင့် တင်ဒါများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့၊ ဖုန်း(၀၉–၄၀၇၇၉၃၃၉၉) (၀၉–၄၂၉၉၀၂၀၅၃)များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)ရပ်ကွက်၊ ဗညားဒလလမ်း၊ မြေကွက်အမှတ် (၁၁၇၉) ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်မည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ မြေညီထပ်၊ ခြေရင်းခြမ်း (မြေကွက်အမှတ်– ၉၄၆ နှင့် ကပ်လျက်ဘက်ခြမ်း)၊ (အလျား ၁၇ပေX အနံ ၅၀ပေ) အကျယ်အဝန်း၊ တိုက်ခန်း(၁ )ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ကန်ထရိုက်တာဖြစ်သူ ဦးအောင်ကျော်ထွန်း[၁၂/အစန(နိုင်) ၀၅၀၅၂၃] (ကြယ်မြင့်ကုမ္ပဏီလီမိတက်)မှ အရစ်ကျ ကြိုပွိုင့်စနစ်ဖြင့် တရားဝင်ရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမောင်မောင်ချစ်(စလင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)**
**Ph: 09–954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်LL.B, D.B.L, D.I.L, D.M.L,**
**WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)**
**Ph: 09–420080932, 09–983837110**

